Towards Results in Education & English

Funded by:
UKaid

# လုပ်ငန်းအတတ်ပညာ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်မှုကို ပိုမို သတိမူလာစေခြင်း



## သင်တန်းဆရာလမ်းညွှန်

Implemented by:
BRITISH COUNCIL
The Open University
VSO
montrose
Creating pragmatic solutions that make life better

# မာတိကာ


**ယူနစ် ၁. လုပ်ငန်းအတတ်ပညာ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်မှု အပေါ် ညီတူညီမျှနားလည်ခြင်း ၃**

ခြုံငုံသုံးသပ်ချက် ၃

သင်ယူမှုရလဒ်များ ၄

၁. အစပျိုးခြင်း ၅

၂. CPD အဓိပ္ပါယ်ဖွင့်ဆိုချက် ၆

    ၂.၁ CPD ဟူသည်မှာအဘယ်နည်း ၆

၃. 'ကောင်းမွန်သော' CPD ဟူသည်အဘယ်နည်း ၈

    ၃.၁ CPD ချဉ်းကပ်နည်းများ ၈

၃.၂ 'ကောင်းမွန်သော' CPD ၏ စရိုက်လက္ခဏာများ ၁၀

၄. လက်တွေ့အသုံးချမှု ၁၀

    ၄.၁ သင်ဘာကို ပြောင်းလဲလိုပါသနည်း ၁၀

၅. ပြန်လှန်သုံးသပ်ခြင်း ၁၂

နောက်ဆက်တွဲ က - CPD ဖွင့်ဆိုချက် ၁၃

နောက်ဆက်တွဲ ခ - CPD သာဓကများ ၁၄

ကျမ်းကိုး ၁၅

**ယူနစ် ၂. လုပ်ငန်းအတတ်ပညာ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်မှု၏ အကျိုးကျေးဇူးများ ၁၇**

ခြုံငုံသုံးသပ်ချက် ၁၉

သင်ယူမှုရလဒ်များ ၂၀

၁. ပြန်လည်သုံးသပ်/အစပျိုးခြင်း ၂၀

    ၁.၁ စရိုက်လက္ခဏာနှင့် လုပ်ဆောင်ချက်များကို ပြန်လှန်သုံးသပ်ခြင်း ၂၀

    ၁.၂ CPD ၏ရည်ရွယ်ချက် ၂၃

၂. CPD လိုအပ်ချက်များ ၂၃

    ၂.၁ ဤဆရာအတတ်သင် သင်တန်းဆရာ/မကို အကြံပြုနိုင်ပါမလား ၂၃

    ၂.၂ မိမိကိုယ်တိုင်၏ စိတ်ပါဝင်စားမှုနှင့် လိုအပ်ချက်များကို ဖော်ထုတ်ခြင်း ၂၅

၃. CPD ၏အကျိုးကျေးဇူးများ ၂၈

    ၃.၁ လုပ်ဖော်ကိုင်ဖက်များနှင့် ပူးပေါင်းဆောင်ရွက်ခြင်း၏ အကျိုးကျေးဇူးများ ၂၉

    ၃.၂ ပူးပေါင်းဆောင်ရွက်မှုအတွက် အတွေးအမြင်များ ၂၉


**Disclaimer**

This material has been funded by UK aid from the UK government; however the views expressed do not necessarily reflect the UK government's official policies.

၄. လက်တွေ့အသုံးချမှု ၃၀
၄.၁ လုပ်ဖော်ကိုင်ဖက်များနှင့် စိတ်ကူးသစ်များကို စမ်းသပ်ကြည့်ခြင်း ၃၀
၅. ပြန်လည်သုံးသပ်ခြင်း ၃၀
ကျမ်းကိုး ၃၀

ယူနစ် ၃. မိမိ၏ ပညာရေးဒီဂရီကောလိပ်တွင် လုပ်ငန်းအတတ်ပညာ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်မှု (CPD) အညွှန်းဘောင်အတွက် ကြိုတင်ပြင်ဆင်ခြင်းနှင့် အစီအစဉ်ရေးဆွဲခြင်း (ဦးဆောင်အဖွဲ့များအတွက်) ၃၁
ခြုံငုံသုံးသပ်ချက် ၃၃
သင်ယူမှုရလဒ်များ ၃၄
၁. ပြန်လှန်သုံးသပ်ခြင်း/အစပျိုးခြင်း ၃၅
၁.၁ CPD နယ်ပယ်များကို ပြန်လှန်သုံးသပ်ခြင်း ၃၅
၁.၂ PEMR မိတ်ဆက် ၃၆
၂. ကဏ္ဍနှင့်တာဝန်များ ၃၇
၂.၁ CPD ကို အစီအစဉ်ဆွဲရန်ကဏ္ဍနှင့် တာဝန်များ ခြုံငုံသုံးသပ်ခြင်း ၃၇
၃. အစီအစဉ်ရေးဆွဲခြင်း ၃၈
၃.၁ ဦးဆောင်အဖွဲ့ (LT)မှအစီအစဉ် ရေးဆွဲရန်အတွက် တိုက်ဆိုင်စစ်ဆေးရန် စာရင်းများ ၃၈
၄. လက်တွေ့အသုံးချမှု ၃၉
၄.၁ ဦးဆောင်အဖွဲ့/ဌာနမှူးများအတွက်အစီအစဉ်ဆွဲရန်ပုံစံ ၁ ၃၉
၄.၂ ဦးဆောင်အဖွဲ့/ဌာနမှူးများအတွက်အစီအစဉ်ဆွဲရန်ပုံစံ ၁ ၃၉
၄.၃ ဆရာအတတ်သင် ဆရာ/မတို့အတွက် အစီအစဉ်ဆွဲရန်ပုံစံများ ၄၁
၅. ပြန်လည်သုံးသပ်ခြင်း ၄၂
၅.၁ အစီအစဉ်ဆွဲသည့်ပုံစံများကို ပြန်လည်သုံးသပ်ခြင်း ၄၂
ကျမ်းကိုး ၄၂

ယူနစ် ၃. မိမိ၏ ပညာရေးဒီဂရီကောလိပ်တွင် လုပ်ငန်းအတတ်ပညာ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်မှု (CPD) အညွှန်းဘောင်အတွက် ကြိုတင်ပြင်ဆင်ခြင်းနှင့် အစီအစဉ်ရေးဆွဲခြင်း (ဆရာအတတ်ပညာသင် ဆရာ ဆရာမများအတွက်) ၄၃
ခြုံငုံသုံးသပ်ချက် ၄၅
သင်ယူမှုရလဒ်များ ၄၆
၁. ပြန်လည်သုံးသပ်ခြင်း/ အစပျိုးခြင်း ၄၇
၁.၁ CPD နယ်ပယ်များကို ပြန်လှန်သုံးသပ်ခြင်း ၄၇
၁.၂ PEMR မိတ်ဆက် ၄၈

၂. ကဏ္ဍနှင့်တာဝန်များ ၄၉
၂.၁ CPD ကို အစီအစဉ်ဆွဲရန် ကဏ္ဍနှင့် တာဝန်များ ခြုံငုံသုံးသပ်ခြင်း ၄၉
၃. အစီအစဉ်ရေးဆွဲခြင်း ၅၀
၃.၁ ဆရာအတတ်ပညာသင် ဆရာဆရာမများ အစီအစဉ်ရေးဆွဲရန်အတွက် တိုက်ဆိုင်စစ်ဆေးရန်စာရင်း ၅၀
၄. လက်တွေ့အသုံးချမှု ၅၀
၄.၁ ဆရာအတတ်ပညာသင် ဆရာ ဆရာမများအတွက် အစီအစဉ်ရေးဆွဲရန်ပုံစံ ၅၀
၅. ပြန်လည်သုံးသပ်ခြင်း ၅၂
၅.၁ အစီအစဉ်ဆွဲသည့်ပုံစံများကို ပြန်လည်သုံးသပ်ခြင်း ၅၂
ကျမ်းကိုး ၅၂

ယူနစ် ၄. မိမိ၏ လုပ်ငန်းအတတ်ပညာ စဉ်ဆက်မပြတ် တိုးတက်ဖွံ့ဖြိုးမှု အစီအစဉ်ထိရောက်မှုကို တိုင်းတာခြင်း ၅၃
ခြုံငုံသုံးသပ်ချက် ၅၅
သင်ယူမှုရလဒ်များ ၅၆
၁. ပြန်လှန်သုံးသပ်ခြင်း/အစပျိုးခြင်း ၅၇
၁.၁ PMER ကို ပြန်လှန်သုံးသပ်ခြင်း ၅၇
၁.၂ စောင့်ကြည့်လေ့လာခြင်းနှင့် သုံးသပ်အကဲဖြတ်ခြင်း ၅၈
၂. CPD အတွက် စောင့်ကြည့်လေ့လာခြင်းနှင့် သုံးသပ်အကဲဖြတ်ခြင်း ၅၉
၂.၁ ဆွေးနွေးရန် မေးခွန်းများ ၅၉
၂.၂ CPD ကိုစောင့်ကြည့်လေ့လာရန်နှင့် သုံးသပ်အကဲဖြတ်ရန် နည်းလမ်းများ ၅၉
၂.၃ M&E နည်းများကို မိမိ၏ ပညာရေးဒီဂရီကောလိပ်တွင် အသုံးပြုခြင်း ၆၁
၃. အစီအစဉ်ဆွဲမှုနှင့် လက်တွေ့အသုံးချမှု ၆၃
၃.၁ စောင့်ကြည့်လေ့လာမှုနှင့် သုံးသပ်အကဲဖြတ်မှုအတွက်ပြင်ဆင်ခြင်း ၆၂
၄. ပြန်လည်သုံးသပ်ခြင်း ၆၃
၄.၁ ရခဲ့သည့်သင်ခန်းစာများ ၆၃
၄.၂ ပြန်လည်သုံးသပ်မှု မှတ်တမ်းကို အသုံးပြုခြင်း ၆၃
၄.၃ နောက်ဆုံးအကြံပြုချက်များ ၆၃
ကျမ်းကိုး ၆၄

# ယူနစ် ၁။

## လုပ်ငန်းအတတ်ပညာ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်မှုအပေါ် ညီတူညီမျှ နားလည်ခြင်း

# ယူနစ် ၁။ လုပ်ငန်းအတတ်ပညာ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်မှုအပေါ် ညီတူညီမျှ နားလည်ခြင်း

## ခြုံငုံသုံးသပ်ချက်

မြန်မာနိုင်ငံတစ်ဝန်းရှိပညာရေးကောလိပ် ၂၅ ကျောင်းမှ ဦးဆောင်အဖွဲ့များ၊ ဆရာအတတ်သင် သင်တန်းဆရာ/မများအတွက် လုပ်ငန်းအတတ်ပညာ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်မှု (CPD)၏ အရေးပါပုံကို ပိုမိုသတိမူလာစေရန် ရည်သန်လျက် ပို့ချမည့် လုပ်ငန်းအတတ်ပညာ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်မှုဘာသာရပ် အခန်းလေးခန်းမှ ပထမခန်းဖြစ်ပါသည်။

**၁. လုပ်ငန်းအတတ်ပညာ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်မှု (CPD)အပေါ်ညီတူညီမျှနားလည်ခြင်း**

၂. လုပ်ငန်းအတတ်ပညာ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်မှု (CPD)၏ အကျိုးကျေးဇူး

၃. မိမိ၏ပညာရေး ဒီဂရီကောလိပ်တွင် လုပ်ငန်းအတတ်ပညာ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်မှု (CPD) အညွှန်းဘောင်အတွက် ကြိုတင်ပြင်ဆင်ခြင်းနှင့် အစီအစဉ်ရေးဆွဲခြင်း

၄. မိမိ၏ လုပ်ငန်းအတတ်ပညာ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်မှုအစီအစဉ် ထိရောက်မှုကို တိုင်းတာခြင်း

ပထမယူနစ်တွင် မြန်မာနိုင်ငံ ပညာရေးကောလိပ်များရှိ ဆရာအတတ်သင် သင်တန်းဆရာ/မများအတွက် လုပ်ငန်းအတတ်ပညာ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်မှုအပေါ် သင်တန်းသူ/သားများမှ ညီတူညီမျှ နားလည်ကြစေရန် ရည်သန်ပါသည်။ CPD အဓိပ္ပါယ်ဖွင့်ဆိုချက် အမျိုးမျိုးကို ဆက်လက်မလေ့လာမီ သင်တန်းသူ/သားများ၏ CPD အတွေ့အကြုံကို စတင်လေ့လာပါမည်။ ရည်ရွယ်ချက်၊ ကောင်းမွန်သည့် CPD ၏ စရိုက်လက္ခဏာ အချို့နှင့် သင်တန်းသူ/သားများအတွက် ဆီလျော်မှုရှိမရှိ သုံးသပ်ကြမည်ဖြစ်ပါသည်။

## မာတိကာ

| ကဏ္ဍ | အကြောင်းအရာ | သုံးမည့်ပစ္စည်းများ | အချိန်(မိနစ်) |
|---|---|---|---|
| သင်ယူမှုရလဒ်များ | အခန်းပိုင်း(MODULE)အတွက် သင်ယူမှုရလဒ်များကို မိတ်ဆက်ခြင်း | | ၅ |
| ၁. အစပျိုးခြင်း | | | ၁၅ |
| ၂. CPD အဓိပ္ပါယ်ဖွင့်ဆိုချက် | ၂.၁ CPD ဟူသည်မှာ အဘယ်နည်း | နောက်ဆက်တွဲ (က) - ဖွင့်ဆိုချက် | ၂၀ |
| ၃. 'ကောင်းမွန်သော' CPD ဟူသည်အဘယ်နည်း | ၃.၁ CPD ချဉ်းကပ်နည်းများ<br>၃.၂ 'ကောင်းမွန်သော' CPD ၏ စရိုက်လက္ခဏာများ | စာဖတ်ခြင်း | ၃၀<br>၂၀ |
| ၄. လက်တွေ့အသုံးချမှု | ၄. သင်ဘာကို ပြောင်းလဲ လိုပါသနည်း | နောက်ဆက်တွဲ (ခ) – CPD ကဒ်များ | ၄၀ |
| ၅. ပြန်လှန်သုံးသပ်ခြင်း | | | ၁၀ |
| ကျမ်းကိုး | | | |

## သင်ယူမှု ရလဒ်များ

၅ မိနစ်

- သင်ပုန်းပေါ်တွင် 'CPD' ဟုရေးပြီး အဓိပ္ပါယ်ရှင်းပြပါ။
  အဖြေ- Continuing Professional Development
- သင်ယူမှုရလဒ်များကို ရှင်းပြပါ။
- နားလည်မလည်စစ်ဆေးပါ။
- မေးခွန်းများဖြေဆိုပါ။

ဤယူနစ်အဆုံးတွင် အောက်ပါတို့ကို လုပ်ဆောင်နိုင်ပါမည်။

- CPD ကိုဖွင့်ဆိုခြင်း
- CPD ၏ရည်ရွယ်ချက်ကိုဖော်ထုတ်ခြင်း
- ထိရောက်သော CPD ၏အဓိကလက္ခဏာအချို့ကို ဖော်ထုတ်ခြင်း
- CPD လုပ်ဆောင်ချက်သာဓကများအတွက် ကောင်းမွန်စွာ လေ့ကျင့်ဆောင်ရွက်ခြင်း

## ၁. အစပျိုးခြင်း 	၁၅ မိနစ်

- (ဆရာဖြစ်သင်တန်းဆရာ/မများအတွက်) သင်ကြားရေးစွမ်းရည်၊ (ဦးဆောင်အဖွဲ့အတွက်) စီမံခန့်ခွဲရေးစွမ်းရည် ဖွံ့ဖြိုးရန်အခွင့်အလမ်းရခဲ့သည့် အချိန်တစ်ချိန်ကို သင်တန်းသူ/သားများတွေးကြပါစေ။ အဆင့်ဆင့်ထပ်ပိုးပြီး scaffolding လုပ်ရန်လိုအပ်လျှင် သင်တန်းသူ/သားများ မိမိတို့အလုပ်ကို ထိထိရောက်ရောက် လုပ်ကိုင်ရန် လိုအပ်သည့် ကျွမ်းကျင်မှုအချို့ကိုမေးမြန်းဖော်ထုတ်ခြင်းဖြင့် စတင်နိုင်ပါသည်။
- စဉ်းစားချိန်တစ်မိနစ်ပေးပြီး ထိုအခွင့်အလမ်းကို ပုံဆွဲပြကြပါစေ။ မိမိတို့အပေါ် ဩဇာညောင်းခဲ့သူ တစ်ယောက်ယောက်၊ အဖြစ်အပျက် တစ်ခုခု ဖြစ်နိုင်ပါသည်။
- သင်တန်းသူ/သားများ ပုံဆွဲပြီးလျှင် အမေးစကားလုံးဥပမာများ (မည်သူ၊ မည်သည်၊ မည်သည့်နေရာ၊ မည်သည့်အချိန်၊ မည်သို့ စသည်ဖြင့်) မေးမြန်းဖော်ထုတ်ပြီး သင်ပုန်းပေါ်တွင်ရေးပါ။
- နှစ်ယောက်တွဲလုပ်ကြပါစေ။ သင်ပုန်းပေါ်မှ အမေးစကားလုံးကိုသုံးပြီး အတန်းဖော်ဆွဲထားသည့် ပုံအကြောင်း မေးမြန်းကြရန်။
- သင်တန်းသူ/သားတစ်ယောက်နှစ်ယောက်မှ မိမိတို့အတန်းဖော်၏ ပုံအကြောင်း ပြောကြပါစေ။

## ၂. CPD အစိပ္ပါယ်ဖွင့်ဆိုချက်

### ၂.၁ CPD ဟူသည်မှာအဘယ်နည်း ၂၀ မိနစ်

**ကြိုတင်ပြင်ဆင်ရန်-** နောက်ဆက်တွဲ က မှ အဓိပ္ပါယ်ဖွင့်ဆိုချက် တစ်စုံကို ဖြတ်ထုတ်ပါ။

- ယခင်လုပ်ဆောင်ချက်မှ ပုံအားလုံးသည် လုပ်ငန်းအတတ်ပညာ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်မှု(CPD)၏ သာဓကများဖြစ်ကြောင်း ပြောပြပါ။ သို့ရာတွင် CPD သည် လူတစ်ဦးတစ်ယောက်၊ အဖြစ်အပျက်တစ်ခုထက် ပိုမိုကြောင်း သတိပေးပါ။
- 'CPD ဟူသည်မှာအဘယ်နည်း' မေးခွန်းကိုသင်ပုန်းပေါ်ရေးပါ။
- သင်တန်းသူ/သားများကို လေးယောက်-ငါးယောက်တစ်ဖွဲ့စီဖွဲ့ပေးပါ။
- တစ်ဖွဲ့စီကို A5 စာရွက်ကြီးတစ်ရွက်စီနှင့် မာကာတစ်ချောင်းစီပေးပါ။

အပိုင်း ၁

- CPD ဖွင့်ဆိုချက်ကို အုပ်စုဖွဲ့ပြီး အကြမ်းရေးကြပါစေ။
- ဖွင့်ဆိုချက်ကို အများစု ရေးပြီးသွားလျှင် အဓိကစကားလုံး(keyword)များကို မေးမြန်းဖော်ထုတ်ပြီး သင်ပုန်းပေါ်ရေးချပါ။

အပိုင်း ၂

- CPD ဖွင့်ဆိုချက်နောက်ထပ် ၅ မျိုးရှိသေးကြောင်း သင်တန်းသူ/သားများကို ပြောပြပါ။ (နောက်ဆက်တွဲ-က ကြည့်ရန်)
- ဖွင့်ဆိုချက်များကို အခန်းတစ်ဝိုက် ကပ်ထားပြီး သင်တန်းသူ/သားများ အခန်းတွင်း လှည့်လည်စေကာ ဖွင့်ဆိုချက် ၅ မျိုးကို ဖတ်ရှုလျက် တူညီချက်၊ ခြားနားချက်များကို မှတ်သားကြပါစေ။
- ဖွင့်ဆိုချက်၅ မျိုးကို ဖတ်ပြီးလျှင် မိမိတို့အဖွဲ့ထံ ပြန်သွားစေပြီး ၎င်းတို့၏ မူရင်းဖွင့်ဆိုချက်များကို ပြင်ဆင်ကြပါစေ။ (မှတ်ချက်- အဆင့်ဆင့် ထပ်ပိုးပြီး scaffolding လုပ်ရန်လိုအပ်လျှင် ဖွင့်ဆိုချက် ၅ မျိုးမှ အဓိကစကားလုံးများကို သင်တန်းသူ/သားများအား ဖော်ထုတ်စေပြီး ထိုစကားလုံးများကို သင်ပုန်းပေါ်တွင် မှတ်သားပါ။)
- အဖွဲ့တစ်ဖွဲ့မှ တစ်တန်းလုံးနှင့် မိမိတို့ဖွင့်ဆိုချက်ကို ဝေမျှကြစေလျက် အခြားသင်တန်းသူ/သားများမှ သဘောတူခြင်း၊ မတူခြင်း၊ ဖွင့်ဆိုချက်ကို ထပ်ထည့်ခြင်းများလုပ်ကြပါစေ။ အောက်ပါအကွက်ထဲမှအဖြေများကို လိုအပ်သလိုကိုးကားပါ။

**တုံ့ပြန်ဖြေကြားချက် (Feedback)**

CPD ဟူသည်မှာအဘယ်နည်း။

- လုပ်ငန်းအတတ်ပညာဆိုင်ရာ လက်တွေ့လုပ်ဆောင်မှုများကို ဖွံ့ဖြိုးတိုးတက်စေရန် သင်ယူမှုအတွက် လုပ်ဆောင်ချက်များ
- သင်ယူမှုနှင့် ဖွံ့ဖြိုးတိုးတက်မှု ဖြစ်စဉ်
- အသိပညာနှင့် ကျွမ်းကျင်မှုများ ဖွံ့ဖြိုးတိုးတက်လာခြင်း
- မျှော်မှန်းချက်ပန်းတိုင်များ ချမှတ်ခြင်းနှင့် လုပ်ဆောင်စရာများကို အစီအစဉ်ရေးဆွဲခြင်း

မည်သူတို့ အကျိုးရှိသနည်း။

- ဆရာအတတ်သင် ဆရာ ဆရာမများ၊ သင်တန်းသူ/သားများ၊ ပညာရေးဒီဂရီကောလိပ်များ
- တစ်ဦးတစ်ယောက်ချင်း၊ အုပ်စုများ၊ အဖွဲ့အစည်းများ၊ ပညာရေးဆိုင်ရာ

ရည်ရွယ်ချက်

- သင်ကြား သင်ယူမှု အရည်အသွေး ဖွံ့ဖြိုးတိုးတက်ရန်
- စာသင်ခန်းတွင်း အရည်အသွေး တိုးမြင့်ရန်

ပါဝင်သင်ယူသူအားလုံး နားလည်ရန် ဤတုံ့ပြန်ဖြေကြားမှုမှ အချို့အပိုင်းများကို မြန်မာဘာသာဖြင့် အကျဉ်းချုပ်ရန်လိုပါသည်။

လုပ်ဆောင်နိုင်သည့် အခြားတစ်နည်း - CPD ဖွင့်ဆိုချက်ကို အဖွဲ့လိုက်အကြမ်းရေးပြီးလျှင် စာရွက်ဖြတ်ပိုင်းတစ်စုံစီ ပေးကာ (နောက်ဆက်တွဲ- က ကိုကြည့်ရန်) သင်တန်းသူ/သားတို့၏ ဖွင့်ဆိုချက်များ အပါအဝင် ဖွင့်ဆိုချက်အားလုံးကို အကြိုက်ဆုံးနှင့် မကြိုက်ဆုံး တန်းစီကြပါစေ။ တုံ့ပြန်ဖြေကြားကြပါစေ။

အပိုင်း ၃

- ဖြစ်နိုင်လျှင် သင်တန်းသူ/သားတို့မှ စုပေါင်းထုတ်ထားသည့် CPD ဖွင့်ဆိုချက်တစ်ခုရေးပြီး မှတ်စုစာအုပ်ထဲ ကူးရေးကြပါစေ။

# ၃. 'ကောင်းမွန်သော' CPD ဟူသည်အဘယ်နည်း

## ၃.၁ CPD ချဉ်းကပ်နည်းများ

၃၀ မိနစ်

- CPD လုပ်ဆောင်ချက်ဥပမာများကိုအမြန်တွေး အမြန်ရေးခြင်း။
- အမြန်တွေးအမြန်ရေးထားသည့် အချက်များကို သင်တန်းစာအုပ်မှ လုပ်ဆောင်ချက် စာရင်းဖြင့် တိုက်ကြည့်ပါ။ တူညီပါသလား။ ခြားနားပါသလား။
- အချင်းချင်းလေ့ကျင့်သင်ကြားခြင်း (peer coaching)ကို သင်တန်းသူ/သားများ နားလည်မလည် သေချာအောင် စစ်ဆေးပြီး အခြား မရှင်းနီးသေးသည့် အခေါ်အဝေါ်များကို ရှင်းလင်းပါ။
- မည်သည့် CPD လုပ်ဆောင်ချက်များနှင့် သင်တန်းသူ/သားတို့ ရင်းနှီးပြီးသားဖြစ်ကြောင်း၊ မည်သည့် CPD လုပ်ဆောင်ချက်ကို တွေ့ကြုံဖူးကြောင်း ခပ်သွက်သွက် မေးမြန်းဖော်ထုတ်ပါ။
- CPD အား အစဉ်အလာချဉ်းကပ်နည်း၏ ထိရောက်မှုရှိပုံအကြောင်း သုတေသနသာဓက အချို့ကို ကြည့်ကြမည်ဖြစ်ကြောင်းပြောပြပါ။
- ရုပ်ထွေးခက်ခဲသည့် 'လုပ်ငန်းအတတ်ပညာ ဖွံ့ဖြိုးတိုးတက်ရေး ပြဿနာ'

  *https://www.youtube.com/watch?v=GVXDcFKz7DA&ab_channel=SFULibrary&fbclid=IwAR0_bt2EWd4WfXmJbjzJQdsYA3bCuQZPzSucahkERX1RCmAXVBhRpiuyIcQ*

သင်ယူမှုရလဒ်များ ဇယားကို နားလည်မလည် ရိုးရှင်းသည့်မေးခွန်းအနည်းငယ်မေးပြီး ဆန်းစစ်ပါ။ လိုအပ်ပါက အပိုင်းတစ်ပိုင်းအပြီးတွင် သင်တန်းသူ/သားတစ်ဦးကို ရွေးချယ်ပြီး အဓိကအချက်များကို မြန်မာဘာသာဖြင့် အကျဉ်းချုပ်ခိုင်းပါ။

- မေးခွန်းများကို ကြည့်ကြပါစေ။ 'တစ်ပွဲတိုး' (one shot) CPDအကြောင်း ရှင်းပြပါ။
- စာဖတ်ပြီးမေးခွန်းများဖြေကြပါစေ။
- သင်တန်းသူ/သားများက နှစ်ယောက်တွဲအဖြေစစ်ကြပါမည်။ သုံးသပ်ချက်များပေးခိုင်းပါ။

**တုံ့ပြန်ဖြေကြားချက် (Feedback)**

ဤလုပ်ဆောင်ချက်၏ ရည်ရွယ်ချက်မှာ အစဉ်အလာ CPD အမျိုးအစားများ၏ အကန့်အသတ်များကို သင်တန်းသူ/သားတို့ နားလည်ပြီး အခြားချဉ်းကပ်နည်းများကို စဉ်းစားကြရန် ဖြစ်ပါသည်။

**အဖြေ**

၁/၂.

| CPD ချဉ်းကပ်နည်း | ထိရောက်မှု ရှိပါသလား |
|---|---|
| ပြင်ပညီလာခံများနှင့်အလုပ်ရုံဆွေးနွေးပွဲများ | မရှိပါ |
| သဘောတရား သို့မဟုတ် နည်းလမ်းများလေ့လာခြင်း | မရှိပါ |
| သရုပ်ပြခြင်း သို့မဟုတ် နမူနာလုပ်ပြခြင်း | သိပ်မရှိပါ |
| သင်ကြားရေးအလေ့အကျင့် (သင်တန်းကာလအတွင်း လုပ်ဆောင်မှု) | ရှိပါသည် |
| သင်တန်းသားအချင်းချင်းလေ့ကျင့်သင်ကြားပေးခြင်း (သင်တန်းကာလအတွင်း/အပြီး) | ရှိပါသည် |

**ပုံစံ ဖြစ်ရခြင်းမှာ-**

- စာသင်ခန်းအတွင်း အလေ့အကျင့်ပြောင်းလဲရန်မှာ ဆရာ/မတို့က နည်းစနစ်သစ်များကို **စမ်းသပ်**ကြည့်ရန်နှင့် ကိစ္စရေးရာများကို လုပ်ဖော်ကိုင်ဖက်များနှင့် **ဆွေးနွေး**ရန် လိုအပ်သောကြောင့် ဖြစ်ပါသည်။ ထိုသို့မဟုတ်လျှင် ဆရာ/မအများစုက သင်တန်းမှအတွေးအမြင်များကို တစ်ကြိမ် နှစ်ကြိမ်သုံးပြီး လုပ်နေကျအတိုင်း ပြန်လုပ်တတ်ကြပါသည်။
- ဂျိုက်(စ)နှင့် ရှောင်ဝါတို့ (၂၀၀၆)ခုတွင်ပြုလုပ်သော သုတေသနအရ ဆရာများသည် နည်းသစ်များကို အတန်းတွင်း အမှန်တစ်ကယ် ထိထိရောက်ရောက် အသုံးမပြုမီ အကြိမ် **၂၀ မှ ၂၅ ကြိမ်**တိုင် လေ့ကျင့်ရမည် ဖြစ်ကြောင်း တွေ့ရှိခဲ့ပါသည်။ ကလေးများကလည်း ထိုနည်းသစ်များကို မည်သို့ တုံ့ပြန်ရမည် ဖြစ်ကြောင်း ကိုလည်း သင်ယူရန်လိုအပ်ပါသည်။

### ၃.၂ 'ကောင်းမွန်သော' CPD ၏ စရိုက်လက္ခဏာများ ⏱ ၂၀ မိနစ်

- သင်တန်းသူ/သားတို့မှ စရိုက်လက္ခဏာ စာရင်းကိုကြည့်ပြီး မရင်းနှီးသည့် စကားလုံး သို့မဟုတ် စကားစုကို စက်ဝိုင်း ဝိုင်းပါစေ။
- အောက်ပါ အသုံးအနှုန်းများကို နားလည်မလည် စစ်ဆေးပါ - concrete vs abstract; sustained over time; mentoring and coaching (ထင်ရှားသောနှင့် စိတ်ကူးသက်သက်ဖြစ်သော၊ ကာလအတန်ကြာ တည်တံ့သော၊ အနီးကပ်လမ်းညွှန်ခြင်းနှင့် လေ့ကျင့်သင်ကြားပေးခြင်း)
- Think, Pair, Share လုပ်ဆောင်ချက်အတွက် ညွှန်ကြားချက် အဆင့်ဆင့်ပေးပါ။
  - **တွေးတောပါ** (think)- တစ်ဦးချင်းလုပ်ဆောင်ပါ။ အရေးအကြီးဆုံးဟု ထင်မြင်သည့် စရိုက်လက္ခဏာ သုံးချက်ကို အမှန်ခြစ် (√) ပါ။
  - **တွဲဖက်ပါ** (pair)- သင့်အတွေးအမြင်ကို သင်တန်းဖော်အားပြောပြပါ။ အကြောင်းပြရန်။
  - **ဝေမျှပါ** (share)- ၄-၆ ယောက်ပါဝင်သည့် အုပ်စုဖွဲ့ပြီး ဝေမျှပါ။ အရေးအကြီးဆုံး အချက်(၃)ချက်ကို အဖွဲ့တွင်းဆုံးဖြတ်ရန်။
- ကြည့်ရှုလေ့လာရင်း အဆိုပါ အတွေးအမြင်များကို သင်တန်းသူ/သားများမှ စိန်ခေါ်ခြင်း၊ သဘောမတူကြောင်း ပြောခြင်းများ လုပ်ဆောင်ကြပါစေ။ ဥပမာ ကျောင်းပြင်ပမှ ကျွမ်းကျင်မှုကို ဆောင်ကျဉ်းတာဟာဘာကြောင့် အသုံးဝင်ရတာလဲ။ ဘာပြဿနာဖြစ်နိုင်ချေရှိသလဲ။ ကျောင်းတွင်း ကျွမ်းကျင်မှုကိုသုံးတော့ ဘယ်လိုအကျိုး ဖြစ်ထွန်းနိုင်မလဲ။
- အုပ်စုတစ်ခုနှစ်ခုမှ တုံ့ပြန်ဖြေကြားရန် မေးမြန်းဖော်ထုတ်ပါ။ ဖြေဆိုသူများမှ အကြောင်းပြကြပါစေ။ မြန်မာလိုသာဖြေဆိုနိုင်လျှင်အခြားသင်တန်းသူ/သားများက ဘာသာပြန် ကူပေးကြပါစေ။
- အဆုံးသတ် အနေဖြင့် သင်တန်းသူ/သားများမှ 'ကောင်းမွန်သည့်'CPD၏ စရိုက်လက္ခဏာများကို TREE project အတွက်အသုံးချကြရန်ဖြစ်ပါသည်။ အဖြေကို ပံ့ပိုးသည့် သာဓကများဆောင်ကြပါစေ။

## ၄. လက်တွေ့အသုံးချမှု ⏱ ၄၀ မိနစ်

### ၄.၁ သင်ဘာကို ပြောင်းလဲလိုပါသနည်း

ကြိုတင်ပြင်ဆင်ခြင်း နောက်ဆက်တွဲ ခ မှ CPD ဥပမာများကို တစ်စုံစာ ဖြတ်ထုတ်ပါ။

- 'ကောင်းမွန်သော' CPD လုပ်ဆောင်ချက် သာဓကများကို သင်တန်းသူ/သားတို့ နားလည်ထားသည့်အတိုင်း လက်တွေ့အသုံးချမည်ဖြစ်ကြောင်းပြောပြပါ။
- အုပ်စု ၅-၆ ဖွဲ့ခွဲပါ။
- အုပ်စုတစ်ခုလျှင် CPD သာဓက တစ်ခုစီပေးပါ။ (နောက်ဆက်တွဲ ခ ကိုကြည့်ရန်)

- သင်တန်းသူ/သားများလုပ်ဆောင်ရန်
  - သာဓကကိုဆွေးနွေးပါ
  - 'ကောင်းမွန်သော' CPD ကို အသုံးပြုရာတွင် အားသာချက်၊ အားနည်းချက်များဖော်ထုတ်ပါ
  - သာဓက ပိုကောင်းစေရန် ဘာကိုပြောင်းလဲခြင်း၊ ထပ်ထည့်ခြင်းများ လုပ်ရမည်ဖြစ်ကြောင်း ဆုံးဖြတ်ပါ

- မူလသာဓကတွင်ရှိသည့် ပြဿနာများနှင့် မိမိတို့လုပ်ထားသည့် အပြောင်းအလဲများကို မီးမောင်းထိုးပြသည့် သရုပ်ဖော် ပိုစတာတစ်ချပ်လုပ်ပါ

- အကယ်၍ အထောက်အကူပြုနိုင်မည်ဆိုလျှင် အုပ်စုများမဖွဲ့မီ တစ်တန်းလုံးနှင့် သာဓကတစ်ခုကို အတူလုပ်နိုင်ပါသည်
- ပိုစတာစာရွက်နှင့် မင်တံများပေးပါ။
- ကြည့်ရှုလေ့လာပြီး ပံ့ပိုးပေးပါ။

**အခန်းတွင်းလှည့်ကြည့်ခြင်း**

**Gallery Walk**

- အုပ်စုများအား မိမိတို့၏ပိုစတာကို နံရံပေါ်ကပ်ကြပါစေ။
- ကျန်အဖွဲ့ဝင်များ ပိုစတာလှည့်ကြည့်စဉ် တစ်ဖွဲ့လျှင် တစ်ယောက်ကျ ပိုစတာအနီးရပ်ပြီး မေးခွန်းများ ဖြေဆိုကြပါစေ။
- မည်သည့် CPD လုပ်ဆောင်ချက်ကို ပိုကြိုက်ကြောင်း အုပ်စုများမှ ရွေးချယ်ကြရန်။
- သုံးသပ်ချက်များ ရယူပါ။

နမူနာ ပိုစတာ



## ၅. ပြန်လှန်သုံးသပ်ခြင်း ၁၀ မိနစ်

- ယနေ့ CPD အတန်းကို ပြန်လှန်သုံးသပ်ရန် သင်တန်းသူ/သားများကို အချိန်ပေးပါ။
- CPD အကြောင်းလေ့လာသိရှိခဲ့သည့် အချက်သုံးချက်၊ နောက်ထပ်သိလိုသည့် အချက်တစ်ချက်ကို တစ်ဦးချင်း ရေးကြပါစေ။
- (ဆန္ဒရှိပါက) သင်တန်းဖော်များနှင့် အတွေးအမြင်များ ဝေမျှကြရန်။

## နောက်ဆက်တွဲ (က) CPD ဖွင့်ဆိုချက်

၁. လုပ်ငန်းအတတ်ပညာ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်မှု (CPD)လုပ်ငန်းစဉ်တွင် လုပ်ငန်းအတတ်ပညာဆိုင်ရာ အလေ့အကျင့်တိုးတက်ရေးအတွက် သင်ယူမှုရေးလုပ်ငန်းများ ဖော်ထုတ်ခြင်း၊ ဆောင်ရွက်ခြင်းတို့ပါဝင်သည်။

၂. လုပ်ငန်းအတတ်ပညာ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်မှု (CPD)လုပ်ငန်းစဉ်အရ မိမိတို့တစ်သက်တာ အလုပ်အဆင့်တိုင်း မိမိတို့အလုပ်ကို ပိုမိုထိရောက်စွာ လုပ်ဆောင်နိုင်ရန် အသိပညာနှင့်ကျွမ်းကျင်မှု တိုးတက်အောင် လုပ်ဆောင်ရသည်။ ပန်းတိုင်ချမှတ်ခြင်း၊ ပန်းတိုင်ရောက်ရှိအောင်လုပ်ငန်းအစီအစဉ် ဆွဲခြင်း တို့ပါဝင်သည်။ ဆရာအတတ်သင် သင်တန်းဆရာ/မ၊ ကျောင်းသူ/သား၊ လုပ်ဖော်ကိုင်ဖက် တစ်ဦးချင်းနှင့် စာသင်ခန်း၊ ပညာရေးကောလိပ်တို့အတွက် CPD မှ အကျိုးဖြစ်ထွန်းစေပါသည်။ (Teaching for Success: Understanding CPD p.4)

၃. (CPD)သည်စာသင်ခန်းအတွင်း ပညာရေး အရည်အသွေးကို ပံ့ပိုးပေးကာ တစ်ဦးချင်း၊ တစ်ဖွဲ့ချင်း၊ တစ်ကျောင်းချင်း အကျိုးစီးပွားဖြစ်ထွန်းစေမည့် သဘာဝကျသည့် သင်ယူမှုအတွေ့အကြုံများ၊ စီစဉ်ထားသည့်လုပ်ဆောင်ချက်များဖြစ်သည်။ (Day, 1999:p.4ကို မှီငြမ်းသည်)

၄. CPD ဟူသည်မှာ မိမိတို့၏လက်ရှိ ကျွမ်းကျင်မှုအပေါ် ထပ်ပိုးတည်ဆောက်ပြီး ဖွံ့ဖြိုးစေမည့် လုပ်ငန်းစဉ်ဖြစ်သည်။

၅. CPD ဟူသည်မှာ ကျောင်းအဖွဲ့အစည်းတစ်ရပ်ရှိ သင်ကြားရေး၊ သင်ယူရေး အရည်အသွေးကို ဖွံ့ဖြိုးစေမည့် လုပ်ဆောင်ချက် အားလုံးပင်ဖြစ်သည်။

## နောက်ဆက်တွဲ (ခ) CPD သာဓကများ

| |
|---|
| ပညာရေးဒီဂရီကောလိပ်ကျောင်းအုပ်ကြီးက ပေးအပ်သည့်စာရင်းပါ ခေါင်းစဉ်များမှ အလုပ်ရုံဆွေးနွေးပွဲ တစ်ခုကို ဆရာ/မများက ရွေးချယ်ပြီး တစ်နှစ်လျှင် CPD သုံးရက်ပြည့်အောင်လုပ်ကြမည်။ |
| စနေ၊ တနင်္ဂနွေ ဘာသာစကားသင်ကြားနည်းသင်တန်းကို သီတင်းပတ် ၁၂ ပတ်ကြာ တစ်ပတ်လျှင် ၁၀ နာရီ ပြည့်အောင်တက်ရောက်ကြသည်။ |
| ငါးနှစ်တစ်ကြိမ် တစ်လတာ လုပ်ငန်းခွင်သင်တန်းကို ဆရာ/မတို့ တက်ရောက်ကြသည်။ |
| ဖတ်စာအုပ်အသစ်တစ်အုပ် မဖြန့်ဝေမီ ဆရာ/မများကို ၅ ရက်သင်တန်းပေးသည်။ |
| ပင်မသင်တန်းဆရာ/မ ၅၀ ပါအဖွဲ့မှ မိမိတို့ တက်ရောက်ခဲ့သည့် ၃ ရက်သင်တန်းကို တစ်နယ်လျှင် ဆရာ/မ ၁၀၀ ထံ ဆင့်ပွား ပို့ချပေးသည်။ |
| ကျောင်းအုပ်၊ ဒုကျောင်းအုပ်တို့မှ နှစ်ဝက်တိုင်း နှစ်ရက်တာ အလုပ်ရုံဆွေးနွေးပွဲ တက်ရောက်ကြသည်။ ထိုသို့ တက်ရောက်ခြင်းဖြင့် ပညာရေးကောလိပ်ရှိ သင်ကြားရေး၊ သင်ယူရေးတိုးတက်စေမည်ဟု ယူဆကြသည်။ |

*ELISS webinar, Borg, S. 5 April 2015*

## ကျမ်းကိုး


Borg, S. (2015) *Contemporary perspectives on continuing professional development.* Paper written for British Council

British Council. *Teaching for Success: Understanding CPD*

Day, C. (1999) *Developing teachers: The challenges of lifelong learning.* London: Falmer Press.

Joyce, B and Showers, B (2002) *Student Achievement through Staff Development.* ASCD

Walter C and Briggs, J. (2012) What Professional Development makes the Most Difference to Teachers? Oxford University Press. Available online at: *www.education.ox.ac.uk/wordpress/wp-content/uploads/2010/07/WalterBriggs_2012_TeacherDevelopment_public_V2.pdf*

# ယူနစ် ၂။

## လုပ်ငန်းအတတ်ပညာ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်မှု၏ အကျိုးကျေးဇူးများ

# ယူနစ် ၂။ လုပ်ငန်းအတတ်ပညာ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်မှု၏ အကျိုးကျေးဇူးများ

## ခြုံငုံသုံးသပ်ချက်

မြန်မာနိုင်ငံတစ်ဝန်းရှိပညာရေးကောလိပ် ၂၅ ကျောင်းမှ ဦးဆောင်အဖွဲ့များ၊ ဆရာအတတ်သင် သင်တန်းဆရာ/မများအတွက် လုပ်ငန်းအတတ်ပညာ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်မှု (CPD)၏ အရေးပါပုံကို ပိုမိုသတိမူလာစေရန် ရည်သန်လျက် ပို့ချမည့် လုပ်ငန်းအတတ်ပညာ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်မှုဘာသာရပ် အခန်းလေးခန်းမှ ဒုတိယယူနစ် ဖြစ်ပါသည်။

၁. လုပ်ငန်းအတတ်ပညာ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်မှု (CPD)အပေါ်ညီတူညီမျှနားလည်ခြင်း
**၂. လုပ်ငန်းအတတ်ပညာ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်မှု (CPD)၏ အကျိုးကျေးဇူး**
၃. မိမိ၏ပညာရေး ဒီဂရီကောလိပ်တွင် လုပ်ငန်းအတတ်ပညာ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်မှု (CPD) အညွှန်းဘောင်အတွက် ကြိုတင်ပြင်ဆင်ခြင်းနှင့် အစီအစဉ်ရေးဆွဲခြင်း
၄. မိမိ၏ လုပ်ငန်းအတတ်ပညာ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်မှုအစီအစဉ် ထိရောက်မှုကို တိုင်းတာခြင်း

ဤဒုတိယယူနစ်ရည်ရွယ်ချက်မှာ အောက်ပါတို့ကိုအခြေခံလျက် ဆရာအတတ်သင် သင်တန်းဆရာ/မများ၊ ဦးဆောင်အဖွဲ့ဝင်များ၊ လုပ်ငန်းအတတ်ပညာ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် အကြံပြုရန်ဖြစ်ပါသည်။

- ၎င်းတို့ကိုယ်တိုင်လိုအပ်ချက်နှင့် စိတ်ပါဝင်စားမှု
- CPD အညွှန်းဘောင်အတွင်း ပညာရေးကောလိပ်၏လိုအပ်ချက်
- ဆရာအတတ်သင် သင်တန်းသူ/သားတို့၏ သင်ယူမှု ရလဒ်အပေါ် ဌာနအတွင်း CPD ပူးပေါင်းလုပ်ဆောင်ချက်များမှ အပြုသဘောဆောင်သည့် အကျိုးသက်ရောက်မှုများ ဖြစ်ပေါ်နိုင်စေရေး ဦးတည်ပေးလျက် အသုံးပြုခြင်း

## မာတိကာ

| ကဏ္ဍ | အကြောင်းအရာ | သုံးမည့်ပစ္စည်းများ | အချိန်(မိနစ်) |
|---|---|---|---|
| သင်ယူမှုရလဒ်များ | အခန်းပိုင်း(MODULE)အတွက်<br>သင်ယူမှုရလဒ်များကို မိတ်ဆက်ခြင်း | | ၅ |
| ၁. ပြန်လည်သုံးသပ်/<br>အစပျိုးခြင်း | ၁.၁ စရိုက်လက္ခဏာနှင့် လုပ်ဆောင်ချက်များပြန်လည်သုံးသပ်ခြင်း<br>၁.၂ CPD ၏ရည်ရွယ်ချက် | | ၂၀ |
| ၂. CPD လိုအပ်ချက်များ | ၂.၁ ဤဆရာအတတ်သင် သင်တန်းဆရာ/မကိုအကြံပြုနိုင်ပါမလား<br>၂.၂ မိမိကိုယ်တိုင်၏ စိတ်ဝင်စားမှုနှင့် လိုအပ်ချက်ကို ဖော်ထုတ်ခြင်း | အကြောင်းအရာ အခြေပြု လေ့လာမှု<br>မြန်မာနိုင်ငံပညာရေး ကောလိပ်များ<br>အတွက် CPD အညွှန်းဘောင် | ၅၀ |
| ၃. CPD ၏အကျိုးကျေးဇူး | ၃.၁ လုပ်ဖော်ကိုင်ဖက်များနှင့် ပူးပေါင်းခြင်း၏ အကျိုးကျေးဇူး<br>၃.၂ ပူးပေါင်းဆောင်ရွက်မှုအတွက် အတွေးအမြင်များ<br>၃.၃ ပြန်လည်သုံးသပ်ခြင်း | အလှည့်ကျ ဖတ်ရှုဝေမျှခြင်း<br>(JIGSAW READING TEXT) တွဲပေးခြင်း | ၅၀ |
| ၄. လက်တွေ့အသုံးချမှု | ၄. လုပ်ဖော်ကိုင်ဖက်များနှင့် စိတ်ကူးသစ်များ စမ်းသပ်ကြည့်ခြင်း | | အိမ်စာ |
| ၅. ပြန်လှန်သုံးသပ်ခြင်း | | | ၂၀ |
| ကျမ်းကိုး | | | |

## သင်ယူမှု ရလဒ်များ

၅ မိနစ်

ဤယူနစ်အဆုံးတွင် အောက်ပါတို့ကို လုပ်ဆောင်နိုင်ပါမည်။

- ပညာရေးဒီဂရီကောလိပ် ဦးဆောင်အဖွဲ့၊ ဆရာအတတ်သင် သင်တန်းဆရာ/မနှင့် ကျောင်းသူ/သားများ သင်ယူမှုအတွက် CPD ၏အကျိုးကျေးဇူးများကိုဖော်ထုတ်ခြင်း
- CPD အညွှန်းဘောင်အရ ဆရာအတတ်သင် သင်တန်းဆရာ/မတစ်ဦးချင်းနှင့် ဦးဆောင်အဖွဲ့တို့အတွက် CPD လိုအပ်ချက်များကို ဖော်ထုတ်ခြင်း
- ပညာရေးဒီဂရီကောလိပ်၏ လိုအပ်ချက်များအရ CPD လိုအပ်ချက်များ ဦးစားပေးသတ်မှတ်ခြင်း
- သင်တန်းဖော်များနှင့်အတူ CPD လုပ်ဆောင်ချက်တစ်ရပ်ကို စမ်းလုပ်ကြည့်ပြီး ပြန်လည်သုံးသပ်ခြင်း

# ၁. ပြန်လည်သုံးသပ်/အစပျိုးခြင်း

## ၁.၁ စရိုက်လက္ခဏာနှင့် လုပ်ဆောင်ချက်များကို ပြန်လှန်သုံးသပ်ခြင်း ၁၀ မိနစ်

- ယူနစ် ၁ - ကောင်းမွန်သောCPD၏စရိုက်လက္ခဏာများ/CPD လုပ်ဆောင်ချက်များအကြောင်း ဆရာ/မများကို သတိပေးပါ။
- ပထမဥပမာဖြစ်သည့် 'ထိရောက်သောဦးဆောင်မှုဖြင့်ပံ့ပိုးခြင်း'ကို သင်ပုန်းပေါ်တွင်ရေးပြီး ဆရာ/မများမှ ခေါင်းစဉ်အမှန်ဖြင့် တွဲကြပါစေ။
- ကျန်ဥပမာများကိုမြန်မြန်ဆန်ဆန်တွဲရန် နှစ်ယောက်တွဲအုပ်စုဖွဲ့၍လုပ်ဆောင်ကြရန်။
- အဖြေကိုမေးမြန်းဖော်ထုတ်ပါ။

| ကောင်းမွန်သည့် CPD ၏စရိုက်လက္ခဏာများ | CPD လုပ်ဆောင်ချက်များ |
|---|---|
| a. ထိရောက်သောဦးဆောင်မှုဖြင့် ပံ့ပိုးပေးခြင်း | b. နှစ်ရက်ကြာအလုပ်ရုံဆွေးနွေးပွဲ |
| b. စာသင်ခန်းအခြေပြုခြင်း | c. အနီးကပ်လမ်းညွှန်ခြင်း |
| c. အချင်းချင်းပူးပေါင်းလုပ်ဆောင်ရန်အခွင့်အလမ်း | f. ကျွမ်းကျင်သူများမှ သင်တန်းပေးခြင်း |
| d. ကာလရှည်ကြာထိန်းသိမ်းနိုင်ခြင်း | |

လုပ်ဆောင်နိုင်သည့် အခြားတစ်နည်း - 'သင်ပုန်းကိုကျောပေးခြင်း' (backs to the board) လုပ်ဆောင်ချက်လည်း လုပ်နိုင်ပါသည်။

- လုပ်ဆောင်ချက်အပြီး ပြန်ဆုံသည့်အခါ မည်သည့် CPD လုပ်ဆောင်ချက်က အထိရောက်ဆုံးဖြစ်ကြောင်း၊ အဘယ်ကြောင့် ထိရောက်ကြောင်း ဆရာ/မတို့မှ ဆုံးဖြတ်ကြပါစေ။
- အဖြေကိုမေးမြန်းဖော်ထုတ်ပါ။

> အဖြေ - အနီးကပ်လမ်းညွှန်ခြင်းဟူသည်မှာ 'တစ်ပွဲတိုး'မဟုတ်ဘဲ ဆရာ/မနှင့် အနီးကပ်လမ်းညွှန်သူ (mentor) အကြား ကာလအတန်ကြာ နီးနီးကပ်ကပ် ဆက်လက်ပူးပေါင်း လုပ်ကိုင်ရပါသည်။ ကျောင်းဝင်းအတွင်း လုပ်ဆောင်လေ့ရှိကြပြီး ဆရာ/မတစ်ဦးချင်းနှင့်သက်ဆိုင်သည့် စာသင်ခန်းအခြေပြု သင်ကြားရေးကိစ္စများကို ဆွေးနွေးအဖြေရှာကြပါသည်။

### ၁.၂ CPD ၏ရည်ရွယ်ချက် ၁၀ မိနစ်

- CPD ကြောင့် မည်သူတို့ အကျိုးဖြစ်ထွန်းကြောင်း မေးပါ။ အဖြေ - ဆရာအတတ်သင် ဆရာ/မ၊ ပညာရေးကောလိပ်များ၊ ကျောင်းသူ/သားများ
- နှစ်ယောက်တွဲလုပ်ဆောင်ကြရန်။ CPD၏ရည်ရွယ်ချက်များကို ကြည့်ပြီး ဆရာ/မများမှ ချက်ချင်းလက်ငင်း သို့မဟုတ် သိသိသာသာအကျိုးခံစားရသူများကိုဖော်ထုတ်ကြပါစေ။
- အဖြေများကို မေးမြန်းဖော်ထုတ်ပါ။

> အဖြေ - အသိသာဆုံးအဖြေများမှာ - ဆရာအတတ်သင် ဆရာ/မများ - 1,2,3,6 ၊ ကျောင်းသူ/သားများ - 5၊ ပညာရေးဒီဂရီ ကောလိပ်များ - 4 တို့ဖြစ်ကြသည်။
> သို့ရာတွင် CPDတိုင်း၏ အဆုံးစွန်သောရည်မှန်းချက်မှာ ကျောင်းသူ/သားများ၏ သင်ယူမှုရလဒ်များကို အကျိုးရှိစေရန် ဖြစ်သည်။ ဥပမာ ဆရာ/မတစ်ဦးက အလုပ်ရုံဆွေးနွေးပွဲတက်ရောက်အပြီး သို့မဟုတ် အနီးကပ်လမ်းညွှန်မှု ခံယူအပြီး မိမိ၏ သင်ကြားမှုကို ပိုမိုယုံကြည်စိတ်ချလာလျှင် စာသင်ခန်းအတွင်း သင်ကြားသင်ယူရေးအပေါ် အပြုသဘောဆောင်သည့် အကျိုးသက်ရောက်မှု ရှိနိုင်သောကြောင့် ကျောင်းသူ/သားများအတွက်လည်း အကျိုးရှိနိုင်ပါသည်။ ဤအချက်ကိုအမြစ်တွယ်အောင် သင်တန်းတစ်လျှောက် ဆက်လက်ပြောကြားပါ။

မော်ဂျူးအတွက် သင်ယူမှုရလဒ်များကို ဖတ်ချိန် တစ်မိနစ်ပေးပါ။ အဓိကဝေါဟာရများကို နားလည်မလည် စစ်ဆေးပါ။

## ၂. CPD လိုအပ်ချက်များ

### ၂.၁ ဤဆရာအတတ်သင် သင်တန်းဆရာ/မကို အကြံပြုနိုင်ပါမလား ၂၀ မိနစ်

- သင်တန်းသူ/သားများနှင့် အေးအေးကို မိတ်ဆက်ပေးပါ။ ရန်ကင်းပညာရေးကောလိပ်တက်ပြီး လက်ရှိ ထားဝယ်တွင်အလုပ်လုပ်နေသော ဆရာအတတ်သင် ဆရာမဖြစ်သည်။
- စာဖတ်ပြီး အေးအေးပူပင်နေသည့် အကြောင်းအရာများကို မျဉ်းသားကြပါစေ။
- အဖြေများ မေးမြန်းဖော်ထုတ်ပါ။
- အေးအေးကိုမည်သို့အကြံပြုမည်ဖြစ်ကြောင်း အုပ်စုဖွဲ့စဉ်းစားကြပါစေ။
- အဖြေကိုမေးမြန်းဖော်ထုတ်ပါ။
- ဆရာ/မများအနေဖြင့် မိမိတို့ပါဝင်နေရသောကဏ္ဍအတွက်ပူပင်မှုများကို ပြောပြရန်အားပေးပါ။ အေးအေးနှင့် တူညီပါသလား သို့မဟုတ် ခြားနားပါသလား။ အတွေးအချို့ကို မေးမြန်းဖော်ထုတ်ပါ။

**တုံ့ပြန်ဖြေကြားချက် (Feedback)**

အေးအေးဘာကိုစိတ်ပူနေတာလဲ။

၁. အေးအေးက သူကိုယ်တိုင် မူလတန်းတွင် စာမသင်ဖူးသောကြောင့် ဆရာအတတ်သင် ကျောင်းသူ/သားများအား ၎င်းတို့အလုပ်အတွက် မည်ကဲ့သို့ ပြင်ဆင်ပေးရမည်ကို မသိဖြစ်နေပါသည်။

၂. အေးအေးက  သင်ကြားရေး၊ ဘာသာစကားနှင့် ICTကျွမ်းကျင်မှု ဖွံ့ဖြိုးရန်လိုအပ်နေသေးသည်။

အေးအေးအတွက်ပေးသည့်အကြံ

၁. မြန်မာတွင်သာမက နိုင်ငံများစွာတွင် ဆရာအတတ်သင် သင်တန်းဆရာ/မများသည် တကယ့် မူလတန်း၊ အလယ်တန်း စစ်စစ်တွင် သင်ကြားဖူးသည့် အတွေ့အကြုံမရှိကြပါ။ သင်တန်းသူ/သားများ၏ အနာဂတ်အတွက် ပိုမိုကောင်းမွန်စွာ ပြင်ဆင်နိုင်ရန် စာသင်ခန်းစစ်စစ်၏ သဘောသဘာဝကို နားလည်ဖို့ အရေးကြီးသော်လည်း စာသင်ခန်းအတွင်း အမှန်တကယ်သင်ကြားပုံကို လေ့လာနိုင်သည့် အခြားနည်းလမ်းများစွာ ရှိပါသေးသည်။ ဥပမာ အင်တာနက်ပေါ်တွင် သင်ခန်းစာနမူနာများ၊ သင်ကြားပုံများ မြောက်မြားစွာ တင်ထားပါသည်။ JICA က ဖော်ဆောင်ထားသည့် အခြေခံပညာရေး သင်ရိုးညွှန်းတမ်းမှ ဗီဒီယိုသင်ခန်းစာများကိုလည်းကြည့်ရှုရပါပြီ။ https://www.youtube.com/c/CREATEProject/playlists

လက်တွေ့သင်ကြားသည့်အခါတွင် မိတ်ဖက်ကျောင်းဆီသို့ မိမိသင်ကြားသည့် ကျောင်းသူ/သားများနှင့် အေးအေး သွားရောက်နိုင်သည့် အခွင့်အလမ်းကို ရရှိမည်ဖြစ်သည်။ သက်ဝင်လှုပ်ရှားသည့် စာသင်ခန်း စစ်စစ်ကို စောင့်ကြည့်လေ့လာနိုင်မည့် အကျိုးရှိသည့်အတွေ့အကြုံလည်း ဖြစ်ပါသည်။ ပညာရေး ကောလိပ်နှင့် ကပ်ရက်ရှိ လေ့ကျင့်ရေးကျောင်းတွင် လက်တွေ့မသင်ကြားမီ ကြိုတင်စောင့်ကြည့် လေ့လာထားခြင်းဖြင့် အေးအေးကိုယ်တိုင် ကြိုတင် ပြင်ဆင်မှုကို အထောက်အကူ ပြုနိုင်ပါသည်။

၂. ဤယူနစ်မှ အတွေးအမြင်များက အေးအေး၏သင်ကြားရေး စွမ်းရည်ဖွံ့ဖြိုးစေရန် အထောက်အကူပြုမည်ဟု မျှော်လင့်ပါသည်။ ဘာသာစကား ကျွမ်းကျင်မှုအတွက် TREE ဘာသာစကားဖွံ့ဖြိုးရေး အတန်းများမှကူညီနိုင်ပါမည်။ www.learnenglish.org.uk ကဲ့သို့သော အင်္ဂလိပ်စကား တိုးတက်စေနိုင်မည့် အခမဲ့ ဝက်ဘ်ဆိုက်များစွာရှိပါသည်။ ယခုအခါတွင် TREE အတန်းများမှာ ZOOM နှင့် FACEBOOK ပေါ်တွင်ရှိနေသောကြောင့် အေးအေးသည် အင်္ဂလိပ်ဘာသာစကားဆိုင်ရာ အတန်းများနှင့် ICT ကျွမ်းကျင်မှုကို တစ်ပြိုင်တည်း တိုးတက်စေနိုင်ပါသည်။ ဆရာအတတ်သင် သင်တန်းဆရာ/မများကို ဤနယ်ပယ်တွင် အထူးသဖြင့် ကူညီနိုင်ရန် သီးသန့် ICT မော်ဂျူးများကို ပြုစုလျက်ရှိပါသည်။

## ၂.၂ မိမိကိုယ်တိုင်၏ စိတ်ပါဝင်စားမှုနှင့် လိုအပ်ချက်များကိုဖော်ထုတ်ခြင်း ၃၀ မိနစ်

**လုပ်ဆောင်ချက် ၁**

- ဆရာ/မများကို မြန်မာနိုင်ငံရှိ ပညာရေးကောလိပ်များအတွက် CPD အညွှန်းဘောင်နှင့် တိုတို တောင်းတောင်း မိတ်ဆက်ပါ။ အညွှန်းဘောင်အကြောင်း ဆရာ/မတို့ မည်မျှသိထားကြောင်း အရင်မေးပြီး အောက်ပါ ပုံနှိပ်စာအုပ်တွင် ပါရှိသည့် CPD အညွှန်းဘောင်မိတ်ဆက် (the Introduction to the CPD framework)မှ သင့်တော်သည့် အချက်အလက်တစ်ခုခုကို ဆက်လက်ပြောပြပါ။ တင်ပြမှု အသွင်ဖြင့်သော်လည်းကောင်း၊ပဟေဠိပုံစံဖြင့် သော်လည်းကောင်း မိမိစိတ်ကြိုက် လုပ်နိုင်ပါသည်။

မြန်မာနိုင်ငံ ပညာရေးကောလိပ်များအတွက် CPD အညွှန်းဘောင် တစ်ရပ် ထားရှိရခြင်းမှာ ဆရာအတတ်သင် သင်တန်း ဆရာ/မများ၊ အကြီးတန်း စီမံခန့်ခွဲသူများ၊ စီမံရေးဝန်ထမ်းများ၏ လုပ်ငန်းအတတ်ပညာ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်မှုကို လမ်းညွှန်ပေးနိုင်ရန်၊ သင်ယူမှုဆိုင်ရာ ယဉ်ကျေးမှုတစ်ရပ် ဖော်ဆောင်ရန်၊ ပြီးပြည့်စုံသည့် CPD အစီအစဉ်များအတွက် အုတ်မြစ်ချပေးရန်ဖြစ်ပါသည်။
ဝန်ထမ်းများ စတင်ခန့်ထားသည့်မှစတင်၍ အမြင့်မားဆုံး စွမ်းဆောင်စေနိုင်ရန် အသိပညာ၊ ကျွမ်းကျင်မှုနှင့် အလေ့အကျင့်များတိုးတက်နိုင်စေရေး ပုဂ္ဂိုလ်ရည်သွေးနှင့် လုပ်ငန်းအတတ်ပညာဆိုင်ရာ အရည်အသွေး ဖွံ့ဖြိုးစေနိုင်မည့် အစီအစဉ်တကျ၊ စဉ်ဆက်မပြတ်၊ တစ်သက်တာလုပ်ဆောင်သည့် ဖြစ်စဉ်တစ်ရပ်အဖြစ် မြန်မာ့ပညာရေး ကောလိပ်များ အတွက် CPDကို အဓိပ္ပါယ်ဖွင့်ဆိုထားပါသည်။

**၁.၂ ရည်ရွယ်ချက်**

မျှော်မှန်းချက်
ပညာရေးကောလိပ်များကို ဆရာအတတ်သင်ပညာရေးနှင့် သုတေသနအတွက်ထူးချွန်ဗဟိုဌာနအဖြစ်လည်းကောင်း၊ မူလတန်းနှင့် အလယ်တန်းဆရာအတတ်သင် ပညာရေးအတွက် ထင်ရှားသည့် ကျောင်းများအဖြစ်လည်းကောင်း အသိအမှတ်ပြုရန် ရည်မှန်းပါသည်။

ပန်းတိုင်
CPD ၏ပန်းတိုင်မှာ အရည်အသွေးရှိသည့် အခြေခံပညာရေး စနစ်တစ်ရပ် တည်ဆောက်နိုင်ရေးနှင့် မိမိတို့ လူ့ဘောင်အဖွဲ့အစည်း၊ မိမိနိုင်ငံကို ကောင်းကျိုးပြုနိုင်မည့် နိုင်ငံ့သားကောင်းများ ပျိုးထောင်ပေးနိုင်ရေးအတွက် ကျွမ်းကျင်မှုမြင့်မားပြီး တာဝန်ကျေမည့် ဆရာ/မများကို ပညာရေးကောလိပ်များမှ မွေးထုတ်ပေးနိုင်ရန် ဖြစ်ပါသည်။

ရည်ရွယ်ချက် - ပညာရေးကောလိပ်များ၏ CPD အတွက် သီးသန့်ရည်ရွယ်ချက်များမှာအောက်ပါအတိုင်း ဖြစ်ပါသည်။

- သင်ယူမှုဆိုင်ရာ ယဉ်ကျေးမှုတစ်ရပ်ကို ဖော်ဆောင်ပြီး ပညာရေးကောလိပ်ဝန်ထမ်းများမှ လုပ်ငန်းသက်တမ်း တစ်လျှောက် လုပ်ငန်းအတတ်ပညာ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်မှုကို အလေးအနက်ထား ဆောင်ရွက်ရန်
- ကျွမ်းကျင်မှုမြင့်မားသည့် စီမံခန့်ခွဲမှု (management)နှင့် စီမံကွပ်ကဲမှု (administration) ပေါ်ပေါက်လာစေရေး စီမံခန့်ခွဲသူ၊ စီမံကွပ်ကဲသူများ၏ ဦးဆောင်မှု၊ စီမံခန့်ခွဲမှုနှင့် စီမံကွပ်ကဲမှုစွမ်းရည်၊ အရည်အချင်းများ မြှင့်တင်ရန်

- ပညာရေးကောလိပ်သင်ရိုးညွှန်းတမ်းကို ထိရောက်စွာသင်ကြားနိုင်ရေး၊ အရည်အသွေးမြင့် သုတေသန လုပ်ဆောင်နိုင်ရေးတို့အတွက် ဆရာအတတ်သင် သင်တန်းဆရာ/မတို့၏ ကျွမ်းကျင်နိုင်နင်းသော သင်ကြားမှု၊ အနီးကပ် လမ်းညွှန်မှု၊ စစ်ဆေးအကဲဖြတ်မှု၊ သုတေသနစွမ်းရည်နှင့် ပညာအရည်အချင်းများ မြှင့်တင်ရန်
- ပညာရေးကောလိပ် ဝန်ထမ်းများအားလုံး လုပ်ငန်းဆောင်ရွက်နိုင်စွမ်း ပြည့်ဝစေနိုင်ရေးအတွက်အင်္ဂလိပ်ဘာသာ စကားနှင့် ICT ကျွမ်းကျင်မှုမြှင့်တင်ပေးရန်
- မူလတန်း၊ အလယ်တန်းပညာရေးအကြောင်း အထူးပြုအသိပညာအလုံးစုံ စုစည်းရာ ဌာနတစ်ခု ဖော်ဆောင်ရန်
- အားလုံးအကျုံးဝင်မှုနှင့် သာတူညီမျှမှုအတွက်စံပြဖြစ်စေရေးနှင့် ငြိမ်းချမ်းရေးနှင့် ရေရှည်တည်တံ့မည့် ဖွံ့ဖြိုးမှုအတွက် ပညာရေးကိုမြှင့်နိုင်ရေးအတွက် ပညာရေးကောလိပ်ဝန်ထမ်းများကို လေ့ကျင့်ပေးရန်
- ကျောင်းအတွင်း သင်ကြားမှုနှင့်အနီးကပ်အကြံပေးမှုတို့အတွက် ထိရောက်သည့်စံပြပုံစံများပေါ်ပေါက်လာစေရေး အတွက် မိတ်ဖက် ကျောင်းများနှင့် ကောင်းမွန်သည့် ဆက်ဆံမှု၊ စာသင်ခန်းများနှင့် နီးနီးကပ်ကပ် ချိတ်ဆက်မှုကို ထူထောင်ခြင်းနှင့် စီမံခန့်ခွဲခြင်းကို ကူညီဖော်ဆောင်ရန်

မြန်မာနိုင်ငံပညာရေးကောလိပ် CPD အညွှန်းဘောင်ကို မှီငြမ်းသည်။

From: Continuous Professional Development Framework for Education Colleges in Myanmar

- ဆရာ/မများအား လုပ်ဆောင်ချက် ၁ တွင်ပါရှိသည့် လုပ်ငန်းအတတ်ပညာ ဖွံ့ဖြိုးတိုးတက်ရေးနယ်ပယ်များကို ကြည့်ကြပါစေ။ ပထမကော်လံ - YOU (သင်)ကို အဓိကထားပါ။ ဆရာ/မများ စိတ်ဝင်စားသည့် နယ်ပယ်များကို ဖော်ထုတ်ကြရန် (√)။ နယ်ပယ် ၅-၆ ခုရွေးချယ်ရန် တိုက်တွန်းပါ။
- ဆရာ/မများမှ သင်တန်းဖော်တစ်ဦးနှင့်အတူ အဖြေတိုက်ကြပါစေ။ စိတ်ဝင်စားသည့် နယ်ပယ် တူညီပါသလား၊ ခြားနားပါသလား။ အချိန်သိပ်မကြာပါစေနှင့်။
- ကသာနှင့် ရန်ကင်းပညာရေးကောလိပ်များအကြောင်း ဆရာ/မများတွေးကြပါစေ။ မည်သို့ တူညီကြ၊ ခြားနားကြ ပါသနည်း။ အဖြေကိုမေးမြန်းဖော်ထုတ်ပါ။ အရွယ်အစား၊ တည်နေရာ၊ သက်တမ်း၊ ဆရာ/မတို့၏ အနေအထား စသည်တို့အပေါ်မူတည်လျက် လိုအပ်ချက်များလည်း ခြားနားနိုင်ကြောင်း ရှင်းပြပါ။ CPD ဦးစားပေးမှုအပေါ်လည်း အကျိုးသက်ရောက်နိုင်ပါသည်။
- ဒုတိယကော်လံကိုကြည့်ကြပါစေ။ YOUR EC (သင့်ပညာရေးကောလိပ်) ကော်လံအတွင်း မိမိတို့ ကောလိပ်အကြောင်း တိတိကျကျ ရည်ညွှန်းလျက် ဖြည့်ကြရန်။
- အဖြေကိုမေးမြန်းဖော်ထုတ်ပါ။

**လုပ်ဆောင်ချက် ၂**

- သင်တန်းလက်စွဲစာအုပ် စာမျက်နှာ ၁၃ မှ Venn Diagram ကိုကြည့်ကြပါစေ။ ဘယ်ဖက်မှ စက်ဝိုင်းက ဆရာ/မ တို့၏ လိုအပ်ချက်ဖြစ်ပြီး၊ ညာဖက်မှ စက်ဝိုင်းက ပညာရေးကောလိပ် လိုအပ်ချက် ဖြစ်ပါသည်။ စက်ဝိုင်းနှစ်ခုဆုံရပ်မှာ ဆရာ/မ များနှင့် ပညာရေးကောလိပ်တို့၏ လိုအပ်ချက်များ တူညီရာကို ကိုယ်စားပြုပါသည်။
- လုပ်ဆောင်ချက် ၁ မှ အချက်အလက်များအပေါ် မူတည်လျက် ဇယားဖြည့်ရန် မိနစ်အနည်းငယ် အချိန်ပေးပါ။
- ဆရာ/မတို့ကိုမေးရန် - စက်ဝိုင်းနှစ်ခုဆုံရာက ဘာကိုဆိုလိုပါသလဲ။
  (အဖြေ - ဆရာ/မများရဲ့လိုအပ်ချက်နဲ့ ပညာရေးကောလိပ်တစ်ခုချင်းရဲ့ လိုအပ်ချက် တိုက်ဆိုင်ရာ ဖြစ်တဲ့အတွက် ဦးစားပေးလုပ်ဆောင်ရမယ့် နယ်ပယ်လို့ သတ်မှတ်ရမှာဖြစ်ပါတယ်)
- ဤနယ်ပယ်များ ပိုမိုတိုးတက်ကောင်းမွန်ပါက ဆရာအတတ်သင် ကျောင်းသူ/သားများအား မည်သို့ အကျိုးရှိစေမည် ဖြစ်ကြောင်း မေးမြန်းပြီး အဆုံးသတ်ပါ။

**လုပ်ဆောင်ချက် ၃**

- CPD နယ်ပယ်များကို လုပ်ဆောင်ချက် ၂ တွင်ပါရှိသည့် အမျိုးအစားများအရ CPD အညွှန်းဘောင်တွင် ဖွဲ့စည်းထားခြင်းဖြစ်ကြောင်း ရှင်းပြပါ။ လုပ်ဆောင်ချက် ၁ မှ ပထမဥပမာ(a. zoom အသုံးပြုခြင်း)ကိုကြည့်ကြပြီး လုပ်ဆောင်ချက် ၂ မှ မှန်ကန်သည့် အမျိုးအစားနှင့် တွဲပေးကြရန်။
  (အဖြေ - ICT စွမ်းရည်မြှင့်တင်ခြင်း) လုပ်ဆောင်ချက် ၁ မှ နယ်ပယ်များကို လုပ်ဆောင်ချက် ၂ မှ အမျိုးအစားများဖြင့် ဆရာ/မတစ်ယောက်ချင်း သို့မဟုတ် နှစ်ယောက်စီ တွဲပေးကြပါစေ။
- အဖြေကို မေးမြန်းဖော်ထုတ်ပါ။

| |
|---|
| အဖြေ<br>1. သင်ကြားရေးစွမ်းရည်မြှင့်တင်ရေး- c, i, k, l<br>2. သုတေသနစွမ်းရည်ဖွံ့ဖြိုးရေး- e<br>3. အင်္ဂလိပ်ဘာသာစကားစွမ်းရည်မြှင့်တင်ရေး- d<br>4. သာတူညီမျှမှုနှင့် အားလုံးအကျုံးဝင်သည့် ပညာရေး- g, j<br>5. ဦးဆောင်မှုနှင့် စီမံခန့်ခွဲမှုစွမ်းရည်ဖွံ့ဖြိုးရေး- b, f<br>6. ICT ကျွမ်းကျင်မှုမြှင့်တင်ရေး- a, h, m |

**လုပ်ဆောင်ချက် ၄ (လိုအပ်လျှင်လုပ်ရန်)**

- လုပ်ဆောင်ချက် ၂ မှ အမျိုးအစားများကို ဇယား က မှအမျိုးအစားများဖြင့် နှိုင်းယှဉ်ပါ။
  ဇယား က - ဝန်ထမ်းအမျိုးအစားအလိုက် လုပ်ငန်းအတတ်ပညာ ဖွံ့ဖြိုးတိုးတက်မှု အစီအစဉ်
- လုပ်ဆောင်ချက် ၂ တွင် မပါရှိသည့် ဇယား က မှ အမျိုးအစားများကို ဆရာ/မတို့ဖော်ထုတ်ကြပါစေ။
- အဖြေကိုမေးမြန်းဖော်ထုတ်ပြီး သင်ပုန်းပေါ်ရေးပါ။
- ဆရာ/မများ နှစ်ယောက်တွဲ သို့မဟုတ် အုပ်စုငယ်များဖွဲ့လျက် အမျိုးအစားတစ်ခုလျှင် ဥပမာတစ်ခုစီ စဉ်းစားကြရန်။
- အဖြေကို မေးမြန်းဖော်ထုတ်ပါ။

| အမျိုးအစား | ဥပမာ |
|---|---|
| ပညာရေးပြုပြင်ပြောင်းလဲရေးအတွက်ပံ့ပိုးမှု | လေးနှစ်သင် ဒီဂရီ အစီအစဉ်သစ် အကောင်အထည် ဖော်ခြင်း၊ TCSF အသစ် မိတ်ဆက်ခြင်း |
| ပညာအရည်အချင်းမြှင့်တင်ခြင်း | မဟာနှင့်ပါရဂူစသည့် ဘွဲ့လွန်သင်တန်းများ |
| စီမံဆောင်ရွက်မှုနှင့် ဘဏ္ဍာရေးစွမ်းရည် ဖွံ့ဖြိုးရေး | ရသုံးမှန်းခြေငွေစာရင်းနှင့် ဘဏ္ဍာရေးစီမံကိန်းဆွဲခြင်း/ လူ့အရင်းအမြစ် စီမံခန့်ခွဲခြင်း |
| အထူးပြုစွမ်းရည်ဖွံ့ဖြိုးရေး | မူလတန်း သို့မဟုတ် အလယ်တန်းပညာရေးကို အထူးပြုခြင်း/ မိခင်ဘာသာအခြေပြု ဘာသာစကားမျိုးစုံ ပညာရေး/ သင်ယူစဉ် စစ်ဆေးအကဲဖြတ်ခြင်းနှင့် သင်ယူပြီး စစ်ဆေးအကဲဖြတ်ခြင်း |
| CPD ကို ကနဦးမိတ်ဆက်ခြင်း | CPD ၏ အကျိုးကျေးဇူးအကြောင်း သင်တန်းပေးခြင်း/ CPD အစီအစဉ်ရေးဆွဲခြင်း |

## ၃. CPD ၏အကျိုးကျေးဇူးများ

### ၃.၁ လုပ်ဖော်ကိုင်ဖက်များနှင့် ပူးပေါင်းဆောင်ရွက်ခြင်း၏ အကျိုးကျေးဇူးများ ၄၀ မိနစ်

- နေလင်းနှင့် မေဇင်တို့ နှစ်ယောက်လုံး စာသင်ခန်းတွင်း အခက်ကြုံနေရပြီး ဆရာ/မများမှ အကြံပေးရမည်ဖြစ်ကြောင်း ရှင်းပြပါ။ အဖွဲ့နှစ်ဖွဲ့ခွဲပြီး တစ်ဖွဲ့မှ နေလင်းအကြောင်း၊ နောက်တစ်ဖွဲ့မှ မေဇင်အကြောင်းဖတ်ရမည်ဖြစ်ကြောင်း ရှင်းပြပါ။
- ပေးထားသည့်စာကိုဖတ်ပြီး ပြဿနာများ မျဉ်းသားရန် မိနစ်အနည်းငယ် အချိန်ပေးပါ။
- အဖွဲ့တူဆရာ/မအချင်းချင်း နှစ်ယောက်စီတွဲပြီး အဖြေတိုက်ကာ ဆရာ/မ(နေလင်း သို့မဟုတ် မေဇင်) အတွက် ပေးရမည့်အကြံကို စဉ်းစားကြပါစေ။
- ဆရာ/မတို့ အခြားတစ်ဖွဲ့မှ အတန်းဖော်သစ် နောက်တစ်ယောက်ကိုရှာပြီး နေလင်း သို့မဟုတ် မေဇင် ကြုံနေရသည့် ပြဿနာကို ရှင်းပြကာ ၎င်းမှ အကြံပေးပါစေ။ အဖြေတိုက်ပြီး အတွေးအမြင်သစ်တွေ့လျှင် မှတ်သားထားပါ။
- တစ်တန်းလုံးပြန်ဆုံပြီး နေလင်းနှင့်မေဇင်တို့အတွက် ပေးသည့် အကောင်းဆုံးအကြံကို မေးမြန်းဖော်ထုတ်ပါ။

**နေလင်း - အကြံပြု အဖြေ**

စိုးရိမ်ပူပန်မှုများ

- ဖတ်စာအုပ်သုံးပြီးသင်ရာတွင် လုပ်ဖော်ကိုင်ဖက်များနှင့် သင်ကြားနှုန်းမတူခြင်း
- သူသင်ကြားတာ မြန်လွန်းနေပါသလား။ နှေးဖို့လိုပါသလား။
- ဖတ်စာအုပ်မှ ပေးထားသည်များ အကုန်မသင်ခြင်း

အကြံပြုချက်

- ဆရာ/မတိုင်း ဖတ်စာသုံးပြီးသင်သည့်အခါ အမြန်နှုန်း အနည်းငယ်ကွာခြားမည်ကို မျှော်လင့်ထား ရပါမည်။ ဆရာအတတ်သင် သင်တန်းဆရာ/မအားလုံးကွဲပြားပြီး သင်တန်းသူ/သားများ၏ လိုအပ်ချက်လည်းမတူပါ။
- သင်ခန်းစာသင်ရာမှာ အနည်းငယ် အလျင်စလို ဖြစ်နေဟန်ရှိပါသည်။ ကျောင်းသူ/သားအားလုံး သင်ခန်းစာ အဓိကအချက်ကို နားလည်ကြပါသလား။ နားလည်မလည် စစ်ဆေးနိုင်ဖို့ မေးခွန်း မေးရန် သို့မဟုတ် ကျောင်းသူ/သားများ တစ်ဦးချင်း သို့မဟုတ် အုပ်စုဖွဲ့ပြီး အလုပ်လုပ်ဖို့ သင်ခန်းစာမှာ အချိန်ပေးထားပါသလား။
- အဓိက သင်ယူမှုရလဒ်များကာမိလျှင် စာအုပ်ထဲပေးထားသမျှအားလုံး မလုပ်လည်း ရပါသည်။

**မေဇင်- အကြံပြု အဖြေ**

စိုးရိမ်ပူပန်မှုများ

- သဘာဝမကျခြင်း
- သင်ခန်းစာသုံးပစ္စည်းများလွန်းခြင်း (ပစ္စည်းစစ်၊ မိတ္တူ၊ ပုံ)
- သင်ခန်းစာမသင်မီ သင်ကြားပုံနှင့် ကြာချိန်ကို သိနိုင်ရန် လုပ်ဆောင်ချက်အသစ်များ အစမ်းလေ့ကျင့်မှုမလုပ်ခြင်း
- လုပ်စရာများလွန်းခြင်း
- သင်ခန်းစာမတိုင်မီ နည်းပညာကို မစစ်ဆေးခြင်း

အကြံပြုချက်

- သက်တောင့်သက်သာဖြင့် သင်တတ်သလိုသင်ပါ။
- သင်ခန်းစာမတိုင်မီ လုပ်ကြည့်ပါ။ ကျောင်းသူ/သားများ တွေ့ကြုံရမည့် ပြဿနာများကို ကြိုတင်မှန်းဆစေနိုင်ပါမည်။ အချိန်မည်မျှလိုမည်ကိုလည်း သိနိုင်ပါမည်။
- လုပ်ဆောင်ချက်အသစ်ကို ပထမဦးဆုံးလုပ်လျှင် ညွှန်ကြားချက်ကို ကြိုရေးထားသင့်ပါသည်။ စကားရှင်းရှင်းသုံးပြီး ညွှန်ကြားချက်ကို ရှင်းလင်းစွာ အဆင့်ခွဲပြီးပေးရန်။
- အတွေးသစ်များ စမ်းလုပ်ကြည့်တာ ကောင်းသော်လည်း အများကြီးမလုပ်ပါနှင့်။
- သင်ခန်းစာမတိုင်မီ နည်းပညာကို အရင်စစ်ဆေးပြီး သင်ကြားမည့်နေ့တွင် စက်ပျက်လျှင် သို့မဟုတ် မီးပြတ်လျှင် နောက်တစ်မျိုးလုပ်ရန် စီစဉ်ထားပါ။

## ၃.၂ ပူးပေါင်းဆောင်ရွက်မှုအတွက် အတွေးအမြင်များ — ၁၅ မိနစ်

- စာမျက်နှာ ၂၁ မှ လုပ်ဆောင်ချက် ၄ ခုကို မိတ်ဆက်ပေးပါ။
- "in the shoes of my learners" (မိမိ၏တပည့်များကိုယ်စား)ဟူသော အသုံးအနှုန်းကို ရှင်းလင်းပါ။
- အကျိုးကျေးဇူးနှင့် လုပ်ဆောင်ချက်ကို နှစ်ယောက်စီ သို့မဟုတ် အုပ်စုငယ်များ ဖွဲ့ပြီး တွဲပေးကြပါစေ။
- အဖြေကိုမေးမြန်းဖော်ထုတ်ပါ။

အဖြေ - A – 4; B – 2; C – 1; D - 3

- ဤအပိုင်းမှ CPD လုပ်ဆောင်ချက်များကို ပေးထားသည့် မေးခွန်းများဖြင့် ထောက်ပြီးမေးမြန်းကာ ဆရာ/မ အဖွဲ့ငယ်များဖွဲ့လျက် ပြန်လည်သုံးသပ်ပါ။
- အဖြေကိုမေးမြန်းဖော်ထုတ်ပါ။

## ၄. လက်တွေ့အသုံးချမှု

### ၄.၁ လုပ်ဖော်ကိုင်ဖက်များနှင့် စိတ်ကူးသစ်များကို စမ်းသပ်ကြည့်ခြင်း အိမ်စာ

ဆရာ/မများမှ A, B, C အတွေးအမြင် တစ်ခုခုရွေးချယ်ပြီး နောက် CPD အတန်းမတိုင်မီ သင်တန်းဖော်တစ်ဦး သို့မဟုတ် လုပ်ဖော်ကိုင်ဖက် တစ်ဖွဲ့နှင့် စမ်းသပ်လုပ်ဆောင်ကြည့်ကြပါစေ။

ဌာနမှူးဖြစ်ခဲ့လျှင် မိမိဌာနအတွင်း ထိုအတွေးအမြင်များကို မည်သို့မိတ်ဆက်ပေးနိုင်မည်ဖြစ်ကြောင်း စဉ်းစားပါ။

## ၅. ပြန်လည်သုံးသပ်ခြင်း

နောက်တစ်တန်းတွင် ဆရာ/မများမှ CPD လုပ်ဆောင်ချက် အတွေ့အကြုံကို အုပ်စုငယ်များဖွဲ့လျက် ပြန်လည် ဝေမျှကြပါစေ။

အတူတကွပူးပေါင်းလုပ်ဆောင်မှု၏ အကျိုးကျေးဇူး၊ သင်ကြားရေးအလေ့အကျင့်နှင့် ဆရာအတတ်သင် ကျောင်းသူ/သား များအတွက် အကျိုးကျေးဇူးတို့ကို ဦးတည်လျက် မေးမြန်းဖော်ထုတ်ပါ။

## ကျမ်းကိုး


Borg, S. (2015) *Contemporary perspectives on continuing professional development.* Paper written for British Council

British Council Teaching for Success Self-Study Guide: *Taking responsibility for professional development* Available online at: https://bit.ly/PPPTRPD7

British Council. *Teaching for Success: Understanding CPD*

British Council, Education in Focus: South Asia podcast series, Episode 8: In-Service Teacher Development. Available online at: https://www.listennotes.com/podcasts/education-in-focus/episode-8-in-service-teacher-HSYx-nmFj95/

CPD Framework for Education Colleges in Myanmar

Walter C and Briggs, J. (2012) What Professional Development makes the Most Difference to Teachers? Oxford University Press. Available online at: www.education.ox.ac.uk/wordpress/wp-content/uploads/2010/07/WalterBriggs_2012_TeacherDevelopment_public_V2.pdf

# ယူနစ် ၃။

## မိမိ၏ ပညာရေးဒီဂရီကောလိပ်တွင် လုပ်ငန်းအတတ်ပညာ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်မှု (CPD)အညွှန်းဘောင်အတွက် ကြိုတင်ပြင်ဆင်ခြင်းနှင့် အစီအစဉ်ရေးဆွဲခြင်း

(ဦးဆောင်အဖွဲ့များအတွက်)

# ယူနစ် ၃။ မိမိ၏ ပညာရေးဒီဂရီကောလိပ်တွင် လုပ်ငန်းအတတ်ပညာ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်မှု (CPD) အညွှန်းဘောင်အတွက် ကြိုတင်ပြင်ဆင်ခြင်းနှင့် အစီအစဉ်ရေးဆွဲခြင်း (ဦးဆောင်အဖွဲ့များအတွက်)

## ခြုံငုံသုံးသပ်ချက်

မြန်မာနိုင်ငံတစ်ဝန်းရှိပညာရေးကောလိပ် ၂၅ ကျောင်းမှ ဦးဆောင်အဖွဲ့များ၊ ဆရာအတတ်သင် သင်တန်း ဆရာ/မများ အတွက် လုပ်ငန်းအတတ်ပညာ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်မှု (CPD)၏ အရေးပါပုံကို ပိုမိုသတိမူလာစေရန် ရည်သန်လျက် ပို့ချမည့် လုပ်ငန်းအတတ်ပညာ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်မှု ဘာသာရပ်ယူနစ်လေးခုမှ တတိယ ယူနစ် ဖြစ်ပါသည်။

၁. လုပ်ငန်းအတတ်ပညာ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်မှု (CPD)အပေါ်ညီတူညီမျှနားလည်ခြင်း
၂. လုပ်ငန်းအတတ်ပညာ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်မှု (CPD)၏ အကျိုးကျေးဇူး
**၃. မိမိ၏ပညာရေးဒီဂရီကောလိပ်တွင် လုပ်ငန်းအတတ်ပညာ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်မှု (CPD) အညွှန်းဘောင်အတွက် ကြိုတင်ပြင်ဆင်ခြင်းနှင့် အစီအစဉ်ရေးဆွဲခြင်း**
၄. မိမိ၏ လုပ်ငန်းအတတ်ပညာ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်မှုအစီအစဉ် ထိရောက်မှုကို တိုင်းတာခြင်း

ဤယူနစ်၏ ရည်ရွယ်ချက်မှာ CPD ညှိနှိုင်းမှု၊ စီမံခန့်ခွဲမှု၊ ဖော်ဆောင်မှုအတွက် ပညာရေးကောလိပ်၏ အဓိကဝန်ထမ်းများ၏ ကဏ္ဍနှင့်တာဝန်များရှင်းလင်းဖော်ပြရန်ဖြစ်သည်။ ဌာနအဆင့်နှင့် ဆရာအတတ်သင် ဆရာ/မ တစ်ဦးချင်း နှစ်စဉ် CPD လုပ်ဆောင်ချက်များ စီစဉ်ရာတွင် အသုံးပြုနိုင်မည့် ပုံစံတစ်ခုကို သင်တန်းသူ/သားများ ချမှတ်နိုင်ပါမည်။

## မာတိကာ

| ကဏ္ဍ | အကြောင်းအရာ | သုံးမည့်ပစ္စည်းများ | အချိန်(မိနစ်) |
|---|---|---|---|
| သင်ယူမှုရလဒ်များ | အခန်းပိုင်း(MODULE)အတွက်<br>သင်ယူမှုရလဒ်များကို မိတ်ဆက်ခြင်း | | ၅ |
| ၁. ပြန်လည်သုံးသပ်/<br>အစပျိုးခြင်း | ၁.၁ CPD နယ်ပယ်များ ပြန်လှန်သုံးသပ်ခြင်း<br>၁.၂ PEMR မိတ်ဆက် | <br>PEMR စက်ဝန်း | ၁၀<br>၁၀ |
| ၂. ကဏ္ဍနှင့်တာဝန်များ | ၂.၁ CPD စီစဉ်ရန် ကဏ္ဍနှင့် တာဝန်များ ခြုံငုံသုံးသပ်ခြင်း | CPD အညွှန်းဘောင် | ၁၅ |
| ၃. စီစဉ်ခြင်း | ၃.၁ ဦးဆောင်အဖွဲ့(LT)မှ အစီအစဉ် ရေးဆွဲရာတွင်<br>တိုက်ဆိုင်စစ်ဆေးရန် စာရင်းများ | အစီအစဉ်တိုက်စစ်ရန်စာရင်း | ၂၀ |
| ၄. လက်တွေ့အသုံးချမှု | ၄.၁ ဦးဆောင်အဖွဲ့အတွက် အစီအစဉ်ရေးဆွဲရန် ပုံစံ ၁<br>၄.၂ ဦးဆောင်အဖွဲ့အတွက် အစီအစဉ်ရေးဆွဲရန် ပုံစံ ၂<br>၄.၃ ဆရာ/မများအတွက် အစီအစဉ်ဆွဲသည့်ပုံစံများCPD | အစီအစဉ်ဆွဲသည့်ပုံစံ<br>CPD အညွှန်းဘောင်<br>နောက်ဆက်တွဲ A | ၃၀<br>၃၀<br>၄၀ |
| ၅. ပြန်လှန်သုံးသပ်ခြင်း | ၅.၁ အစီအစဉ်ဆွဲသည့်ပုံစံကို ပြန်လည်သုံးသပ်ခြင်း | အစီအစဉ်ဆွဲသည့်ပုံစံ | ၁၀ |
| ကျမ်းကိုး | | | |

*PMER (PLANNING, MONITORING, EVALUATION AND REVIEWING):
အစီအစဉ်ဆွဲခြင်း၊ စောင့်ကြည့်လေ့လာခြင်း၊ သုံးသပ်အကဲဖြတ်ခြင်း၊ ပြန်လည်သုံးသပ်ခြင်း

## သင်ယူမှု ရလဒ်များ

၅ မိနစ်

ဤယူနစ်အဆုံးတွင် အောက်ပါတို့ကို လုပ်ဆောင်နိုင်ပါမည်။

- CPDအစီအစဉ်ဆွဲမှုနှင့်စပ်လျဉ်းသည့်ကဏ္ဍနှင့်တာဝန်များဖော်ထုတ်ခြင်း
- အခန်းကဏ္ဍများနှင့်ဆက်နွယ်သည့် အစီအစဉ်လုပ်ရန် အစီအစဉ်ဆွဲသည့်ပုံစံအသုံးပြုခြင်း
- အစီအစဉ်အပေါ်အချင်းချင်းတုံ့ပြန်ဖြေကြားခြင်း
- အစီအစဉ်ဆွဲမှုလုပ်ငန်းအပေါ်ပြန်လည်သုံးသပ်ခြင်း

# ၁. ပြန်လည်သုံးသပ်/အစပျိုးခြင်း

## ၁.၁ CPD နယ်ပယ်များကို ပြန်လှန်သုံးသပ်ခြင်း

၁၀ မိနစ်

- CPD အညွှန်းဘောင်တွင် အစီအစဉ်နယ်ပယ် ၁၁ ခု ရှိကြောင်း သင်တန်းသူ/သားများကို သတိပေးပါ (အောက်ပါစာရင်းကိုကြည့်ရန်)။ ယူနစ် ၂ မှာ အချို့ကို ကြည့်ခဲ့ပြီးပြီ။
- ဥပမာတစ်ခုနှစ်ခု မေးမြန်းဖော်ထုတ်ပါ။
- ယူနစ် ၂ (နောက်ဆက်တွဲ က) မှစာရင်းကို ကိုးကားခြင်းသော်လည်းကောင်း၊ အောက်ပါ စာရင်းကို PPT အပေါ် ကူးယူခြင်းသော်လည်းကောင်း လုပ်ဆောင်ပါ။
- စာရင်းကို ဖတ်ချိန်တစ်မိနစ်ပေးပြီး အစီအစဉ်နယ်ပယ်များကို တတ်နိုင်သလောက် မှတ်သားကြရန်။
- သင်တန်းသူ/သားများ အဖွဲ့ဖွဲ့ပြီး မှတ်မိသမျှ အစီအစဉ်နယ်ပယ်များ ရေးချကြရန်။ နှစ်မိနစ်အတွင်းအပြီးရေးကြပါစေ။
- နှစ်မိနစ်အပြီး ရပ်ခိုင်းပါ။
- အဖြေမှန်အများဆုံးအဖွဲ့မှ အနိုင်ရပါသည်။

1. ပညာရေးပြုပြင်ပြောင်းလဲမှုအတွက် ပံ့ပိုးခြင်း
2. ပညာအရည်အချင်းမြှင့်တင်ခြင်း
3. အင်္ဂလိပ်ဘာသာစကားစွမ်းရည် မြှင့်တင်ခြင်း
4. ICT ကျွမ်းကျင်မှုမြှင့်တင်ခြင်း
5. သင်ကြားရေးစွမ်းရည်မြှင့်တင်ခြင်း
6. သုတေသနစွမ်းရည်ဖွံ့ဖြိုးရေး
7. ဦးဆောင်မှုနှင့် စီမံခန့်ခွဲမှုစွမ်းရည်ဖွံ့ဖြိုးရေး
8. စီမံဆောင်ရွက်မှုနှင့် ဘဏ္ဍာရေးစွမ်းရည်ဖွံ့ဖြိုးရေး
9. အထူးပြုစွမ်းရည်ဖွံ့ဖြိုးရေး
10. သာတူညီမျှမှုနှင့် အားလုံးအကျုံးဝင်သည့် ပညာရေး
11. CPDကို ကနဦးမိတ်ဆက်ခြင်း

လုပ်ဆောင်နိုင်သည့် အခြားတစ်နည်း - သင်ပုန်းကျောပေး(backs to the board) လုပ်ဆောင်ချက်၏ မူကွဲတစ်မျိုးကို လုပ်ပါ။ သင်တန်းဆရာ (သို့မဟုတ် သင်တန်းသူ/သား)က နှုတ်ဖြင့် သို့မဟုတ် ပုံဖြင့် စာရင်းမှ အကြောင်းအရာ တစ်ခုကို သဲလွန်စပေးပြီး သင်တန်းသူ/သားများမှ အစီအစဉ်နယ်ပယ်ကို ခန့်မှန်းကြပါမည်။ အကြောင်းအရာ ၅-၆ မျိုးဖြင့် ဆက်လုပ်ပါ။

## ၁.၂ PEMR မိတ်ဆက်

၁၀ မိနစ်

- PMER (Planning, Evaluation, Monitoring & Reflection) စက်ဝန်းကို ပညာရေး ဒီဂရီ ကောလိပ် အစီအစဉ်အား အထောက်အကူပြုပြီး CPD လုပ်ငန်းများ ထိရောက်မှုရှိမရှိ သုံးသပ် အကဲဖြတ်ရန် ပုံစံတစ်ခု ချပေးသည့် စက်ဝန်းတစ်ခုအဖြစ် မိတ်ဆက်ပါ။
- စက်ဝန်းကို သင်ပုန်းပေါ်တွင် အပိုင်းတစ်ပိုင်းချင်း၏ ပထမစာလုံးပေးပြီး ရေးဆွဲကာ တစ်ပိုင်းစီ၏ အမည်ကို မေးမြန်းဖော်ထုတ်ပါ။




**လုပ်ဆောင်ချက် ၁**

- သင်တန်းသူ/သားများ နှစ်ယောက်စီတွဲပြီး planning, monitoring, evaluating, reviewing ဝေါဟာရ တစ်ခုချင်း မည်သို့ နားလည်ကြောင်းဆွေးနွေးကြပါစေ။ ဥပမာ 'monitoring' နှင့်'evaluating'တို့ မည်ကဲ့သို့ ကွာခြားပါသနည်း။ 'monitoring' နှင့်'reviewing'တို့ မည်ကဲ့သို့ ကွာခြားပါသနည်း။
- အဖြေကိုမေးမြန်းဖော်ထုတ်ပါ။

> အဖြေ
>
> **အစီအစဉ်ဆွဲခြင်း -** ပညာရေးကောလိပ်၏ ပန်းတိုင်များချမှတ်ခြင်း၊ ပိုမိုကောင်းမွန်တိုးတက်မှုအတွက် ဦးစားပေးအစီအစဉ်များ၊ ကာလတစ်ခုအတွက် CPD လုပ်ငန်းများ သဘောတူခြင်း
>
> **စောင့်ကြည့်လေ့လာခြင်း** - CPD လုပ်ငန်းများ၏ တိုးတက်မှုနှင့် ထိရောက်မှုအကြောင်း သတင်းအချက်အလက် စုဆောင်းခြင်း
>
> **သုံးသပ်အကဲဖြတ်ခြင်း** - ပန်းတိုင်များ၊ ပိုမိုကောင်းမွန်တိုးတက်မှုအတွက် ဦးစားပေးအစီအစဉ်များ၊ သဘောတူထားသော CPD လုပ်ငန်းများကို သုံးသပ်ဆုံးဖြတ်ခြင်း
>
> **ပြန်လှန်သုံးသပ်ခြင်း-** ပန်းတိုင်များ၊ ပိုမိုကောင်းမွန်တိုးတက်မှုအတွက် ဦးစားပေးအစီအစဉ်များ၊ CPD လုပ်ငန်းများကို တိုးတက်မှုအကြောင်း ရရှိလာသည့် သတင်းအချက်အလက်များအရ ပြန်လည် ဆန်းစစ်အကဲဖြတ်ခြင်း
>
> သုံးသပ်အကဲဖြတ်ခြင်းသည် ကျွန်ုပ်တို့၏ CPD လုပ်ငန်းများသည် ရည်သန်ချက်ကို ပေါက်မြောက်ခြင်း ရှိမရှိကို အဆုံးအဖြတ်ပေးရန် အထောက်အကူပြုပါသည်။ ယူနစ် ၄ တွင် ပိုမို အသေးစိတ် ကြည့်ရှုပါမည်။

**လုပ်ဆောင်ချက် ၂**

- သင်တန်းသူ/သား တစ်ယောက်ချင်း PMER စက်ဝန်းပိုင်းများနှင့် မေးခွန်းများ တွဲပေးကြပါစေ။
- နှစ်ယောက်တွဲ အဖြေတိုက်ကြရန်။
- အဖြေကို မေးမြန်းဖော်ထုတ်ပါ။

အဖြေ- 1. b; 2. d; 3. a; 4. c

## ၂. ကဏ္ဍနှင့်တာဝန်များ

### ၂.၁ CPD ကို အစီအစဉ်ဆွဲရန်ကဏ္ဍနှင့် တာဝန်များ ခြုံငုံသုံးသပ်ခြင်း ၁၅ မိနစ်

မြန်မာနိုင်ငံ ပညာရေးဒီဂရီကောလိပ်များအတွက် CPD အညွှန်းဘောင်က ကျောင်းတစ်ကျောင်းချင်းရှိ ကဏ္ဍနှင့် တာဝန်များကို ခြုံငုံသုံးသပ်ပေးကြောင်း သင်တန်းသူ/သားများကို ရှင်းပြပါ။ ကျောင်းအုပ်ကြီးမှ ဒုတိယကျောင်းအုပ်၊ ဌာနမှူးများနှင့် ညှိနှိုင်းရန် အဓိကတာဝန်ရှိပြီး ဆရာ/မတစ်ဦးချင်းတွင်လည်း တာဝန်ရှိပါသည်။

- အောက်ပါခေါင်းစဉ်များကို သင်ပုန်းပေါ်ရေးပါ။
  ၁. ပညာရေးကောလိပ်နှစ်စဉ် CPD အစီအစဉ်
  ၂. ဌာနဆိုင်ရာလုပ်ငန်းအစီအစဉ်
  ၃. တစ်ဦးချင်းမှတ်တမ်း

အထက်ပါလုပ်ငန်းတစ်ခုချင်းအတွက် မည်သူကတာဝန်ရှိပါသနည်း - ကျောင်းအုပ်ကြီး၊ ဒုတိယကျောင်းအုပ်ကြီး၊ ဌာနမှူး၊ ဆရာအတတ်သင် သင်တန်းဆရာ/မတစ်ဦးချင်း။

အဖြေ
၁. ပညာရေးကောလိပ်နှစ်စဉ် CPD အစီအစဉ်- ကျောင်းအုပ်ကြီး၊ ဒုတိယကျောင်းအုပ်ကြီး၊
၂. ဌာနဆိုင်ရာလုပ်ငန်းအစီအစဉ် - ဌာနမှူး
၃. တစ်ဦးချင်းမှတ်တမ်း - ဆရာအတတ်သင် သင်တန်းဆရာ/မတစ်ဦးချင်း

- အချိန်စီမံခန့်ခွဲခြင်း (Time management )နှင့် အချိန်ခွဲဝေသတ်မှတ်ခြင်း (Time allocation)တို့၏ ခြားနားချက်ကို ရှင်းလင်းပါ။ မည်သည့်ဝေါဟာရက တစ်စုံတစ်ခုအတွက် အချိန်မည်မျှသုံးသည်ကို ရည်ညွှန်းပါသနည်း (အဖြေ -time allocation) မည်သည့်ဝေါဟာရက ဘယ်အချိန်မှာ ဘာလုပ်ဖို့ စီစဉ်သည်ကို ရည်ညွှန်းပါသနည်း (အဖြေ- time management)
- ကဏ္ဍနှင့်တာဝန်အကြောင်း CPD ကောက်နုတ်ချက်ကိုကြည့်ကြပါစေ။ တစ်ယောက်ချင်း စာဖတ်ပြီး ခေါင်းစဉ် အမှန်ဖြင့်တွဲကြရန်။
- နှစ်ယောက်တစ်တွဲအဖြေတိုက်ကြပါမည်။

  အဖြေ- 1. b; 2. c; 3. e; 4. a; 5. d

# ၃. အစီအစဉ်ရေးဆွဲခြင်း

## ၃.၁ ဦးဆောင်အဖွဲ့ (LT)မှ အစီအစဉ် ရေးဆွဲရန်အတွက် တိုက်ဆိုင်စစ်ဆေးရန် စာရင်းများ ၂၀ မိနစ်

- ဦးဆောင်အဖွဲ့က ပညာရေးဒီဂရီကောလိပ် CPD အတွက်အစီအစဉ်ဆွဲနိုင်စေရန် တိုက်ဆိုင်စစ်ဆေး စာရင်း တစ်ခုကို သင်တန်းသူ/သားတို့ ကြည့်ကြမည်ဖြစ်ကြောင်းပြောပြပါ။
- အဖွဲ့မှ ထည့်လိုသည့် အခြားအချက်အလက်များ ထပ်ထည့်ခြင်း၊ အဖွဲ့မှ မဆီလျော်ဟုယူဆသည့် အချက်အလက်များကို ဖယ်ထုတ်ခြင်းဖြင့် စာရင်းကို ပြောင်းလဲနိုင်ပါသည်။
- အုပ်စုငယ်များ ဖွဲ့ပြီး တိုက်ဆိုင်စစ်ဆေး စာရင်းကို ပြန်လှန်သုံးသပ်ကြပါစေ။
- သင်တန်းသူ/သားများမှထည့်လိုသော အချက်ကို √ (အမှန်ခြစ်)ပြီး မထည့်လိုသောအချက်ကို x (အမှားခြစ်)ကြရန်။
- သင်တန်းသူ/သားတို့၏ ကိုယ်ပိုင်အတွေးအမြင်များကို စာရင်းအောက်ခြေရှိ ကွက်လပ်တွင် ဖြည့်နိုင်ပါသည်။
- သုံးသပ်ချက်ကို မေးမြန်းဖော်ထုတ်ပါ။

**အောက်တွင် အကြံပြုထားသကဲ့သို့ တုံ့ပြန်ဖြေကြားနိုင်ပါသည်။**

တုံ့ပြန်ဖြေကြားရာတွင် အောက်ပါ ကြောင်းပေးသည့် မေးခွန်းများကို သုံးပြီး ပိုမို ဆွေးနွေးစေနိုင်ပါသည်။

အချက် ၂ - ဤအတိုင်း မဖြစ်သော အခြားအခြေအနေများ ရှိပါသလား။ ဥပမာ ပိုမို ကြီးမားသော ဌာနများက ပံ့ပိုးငွေ ပိုမိုရသင့်ပါသလား။ ဥပမာအားဖြင့် ICT စသော ဦးစားပေး နယ်ပယ်များကို ပံ့ပိုးငွေ ပိုမို ပေးအပ်သင့်ပါသလား။

အချက် ၄ - အချို့ဆရာအတတ်သင် ဆရာဆရာမများအနေဖြင့် CPD မှ ကင်းလွတ်ခွင့် ရှိနိုင်ပါလား။

အောက်ပါတို့သည် တိုက်ဆိုင်စစ်ဆေးစာရင်းတွင် ထပ်မံထည့်သွင်းနိုင်သည့် အကြံပြုချက်အချို့ဖြစ်ပါသည်။

ဌာန၏လုပ်ငန်းအစီအစဉ်များကို သုံးလတာတစ်ကြိမ် ဌာနတွင်းနှင့်လည်းကောင်း၊ အခြားဌာနများနှင့် လည်းကောင်း ပြန်လှန်သုံးသပ်ရန် လုပ်ထုံးလုပ်နည်းများကို ဆုံးဖြတ်ပါ။

ဝန်ထမ်းအားလုံးအတွက် CPD အစီအစဉ်များကို မည်သူတို့က ပြန်လှန်သုံးသပ်မည်၊ စောင့်ကြည့် လေ့လာမည်၊ စစ်ဆေးအကဲဖြတ်မည်ကို ဆုံးဖြတ်ပါ။

မည်သည့် CPD လုပ်ဆောင်ချက်များကို အဆင့်မြင့်ပညာ ဦးစီးဌာန၊ ပညာရေးဒီဂရီကောလိပ် သို့မဟုတ် လုပ်ငန်းအတတ်ပညာဆိုင်ရာ အခြားသော အဖွဲ့အစည်း၊ ဌာနဆိုင်ရာတို့က ပြုလုပ်မည်ကို ဆွေးနွေးပါ။

ရေးဆွဲထားသော CPD လုပ်ငန်းအစီအစဉ်များကို မည်သည့်နေရာတွင် မည်သို့ သိမ်းဆည်းမည်ကို ဆုံးဖြတ်ပါ။

## ၄. လက်တွေ့အသုံးချမှု

### ၄.၁ ဦးဆောင်အဖွဲ့/ ဌာနမှူးများအတွက် အစီအစဉ်ဆွဲရန်ပုံစံ ၁ ၃၀ မိနစ်

- ဂတ်စကီ၏ လုပ်ငန်းအတတ်ပညာဖွံ့ဖြိုးတိုးတက်မှုကိုဆန်းစစ်မှုအဆင့် ၅ ဆင့်ကိုမိတ်ဆက်ပါ။ ဦးဆောင်အဖွဲ့နှင့် ဆရာအတတ်သင် သင်တန်းဆရာ/မတို့က ကျောင်းသူ/သား၊ ဆရာ/မတို့၏ ပြောင်းလဲသွားသည့် အောင်မြင်မှုကို အခြေပြုလျက် လိုလားအပ်သည့် နောက်ဆုံးရလဒ်မှ စတင်ပြီး နောက်ကြောင်းပြန် အစီအစဉ်ဆွဲရန်ဂတ်စကီက အကြံပြုပါသည်။ ဆိုလိုသည်မှာ ဆရာအတတ်သင် ကျောင်းသူ/သားများကို ဘယ်အရာကိုပိုမိုစွမ်းဆောင်စေလိုပါသနည်း။ ထိုသို့စွမ်းဆောင်နိုင်စေရန် မည်သည်ကို ပြောင်းလဲရန် လိုအပ်ပါသနည်း။ ထိုသို့လုပ်ဆောင်ခြင်းဖြင့် CPD လမ်းကြောင်းများဖြစ်သည့် ပန်းတိုင်နှင့် လိုအပ်ချက်များကို ရှေ့နောက်ညီသည့် အစီအစဉ်တစ်ရပ်အဖြစ် ပေါင်းစပ်ယှက်နွယ်စေပြီး သင်ကြားမှု၊ သင်ယူမှုအပေါ် အပြုသဘောဆောင်သည့် အကျိုးသက်ရောက်မှုများ ရှိလာမည်ဖြစ်ကြောင်း ဂတ်စကီမှ ယုံကြည်ပါသည်။
- သင်တန်းသားလက်စွဲစာအုပ်မှ ပုံစံမှာ ဂတ်စကီ၏ လုပ်ငန်းအတတ်ပညာ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်မှု အဆင့် ၅ဆင့်(၂၀၀၀ ခုနစ်)ကို အခြေခံထားပါသည်။ အဖွဲ့အစည်းတစ်ခုလုံး၏ CPD အစီအစဉ်အတွက် သော်လည်းကောင်း၊ အဖွဲ့အစည်း၏ အစီအစဉ်ကို ပံ့ပိုးပေးမည့် ဌာနတွင်းအစီအစဉ်များအတွက်သော် လည်းကောင်း သုံးနိုင်ပါသည်။
- အဆင့် ၅ ခုမှ တစ်ဆင့်ချင်းအတွက် မေးခွန်းများဆွေးနွေးနိုင်ရန် အုပ်စုခွဲလုပ်ဆောင်ပါစေ။ ခေါင်းစဉ်ခွဲတစ်ခုချင်းအောက် နောက်ထပ် ထောက်ပေးမည့် မေးခွန်းများ ထပ်ထည့်ထားပါသည်။
- ဆွေးနွေးချက်ကို သင်တန်းသူ/သားတို့ မှတ်သားထားကြရန်။
- တုံ့ပြန်ဖြေကြားကြရန် - ဤလုပ်ငန်းစဉ် အကျိုးရှိပါသလား။ မည်သည့် CPD လုပ်ငန်းက အရေးအကြီးဆုံးဖြစ်ကြောင်း ဦးတည်စူးစိုက်ရာမှာ အထောက်အကူပြုပါသလား။ ကျောင်းသူ/သားတို့အတွက် မည်သို့ အကျိုးရှိမည်ဖြစ်ကြောင်း ရှင်းလင်းပါသလား။

ဂတ်စကီ၏ အဆင့် ၅ ဆင့် အကြောင်းပိုမိုသိရှိလိုပါက အောက်ပါ ဆောင်းပါးကို ရည်ညွှန်းလိုပါသည်။
https://pdo.ascd.org/LMSCourses/PD13OC010M/media/Leading_Prof_Learning_M6_Reading1.pdf

### ၄.၂ ဦးဆောင်အဖွဲ့/ ဌာနမှူးများအတွက် အစီအစဉ်ဆွဲရန်ပုံစံ ၂ ၃၀ မိနစ်

- ယခင်လုပ်ဆောင်ချက်မှ အစီအစဉ်ဆွဲရန် မေးခွန်းများကိုပြန်လည်သုံးသပ်ပြီးပြီ ဖြစ်သောကြောင့် မိမိတို့၏ နှစ်စဉ် CPD အစီအစဉ် စတင်ဆွဲနိုင်ပြီဖြစ်ကြောင်းပြောပါ။
- CPD အစီအစဉ်များကို ရေးဆွဲသောအခါ ရေရှည် ၃-၅ နှစ်တာ အစီအစဉ်ကို ရည်မှန်းထားပြီးနောက် ၁၂ လတာ ကာလအတွင်း မည်သည်တို့ကို လက်တွေ့တွင် ဖြစ်မြောက်အောင်မြင်နိုင်သည်ကို စဉ်းစားပါက အသုံးဝင်ကြောင်း အလေးထားပြောကြားပါ။
- အစီအစဉ်ရေးဆွဲရန်ပုံစံကို မကြည့်မီ ပါဝင်သူများအား ထိုပုံစံတွင် မည်သည့်ခေါင်းစဉ်များကို တွေ့ရှိမည်နည်းဟု မေးပါ။ အဖြေများကို ရယူဖော်ထုတ်ပြီး ပုံစံရှိ ခေါင်းစဉ်များနှင့် နှိုင်းယှဉ်ကြည့်ပါ။
- ဌာနအလိုက် သင်တန်းသူ/သားများ အုပ်စုခွဲပါ။

- နောက်ဆုံးကော်လံမှ 'သုံးသပ်အကဲဖြတ်ရန်နည်းလမ်းများ'အကြောင်း စိတ်မပူကြရန် သင်တန်းသူ/သားများကိုပြောပါ။ နောက်ယူနစ်တွင် ပိုမို၍ အသေးစိတ် ကြည့်ကြပါမည်။
- ပုံစံဖြည့်နေကြစဉ် ပုံစံအတွင်း ပြောင်းလဲလိုသော အချက်များရှိမရှိ စဉ်းစားကြပါစေ။
- မိမိတို့လုပ်ထားသည့် ပုံစံမူကြမ်းကို အခြားအုပ်စုတစ်ခုနှင့်ဝေမျှပြီး ချလိုက်သည့် ဆုံးဖြတ်ချက်များကို ရှင်းပြပါ။
- အကြောင်းအရာနှင့် လုပ်ငန်းစဉ်အကြောင်း တုံ့ပြန်ဖြေကြားကြပါစေ။

**အခြားလုပ်ဆောင်နိုင်သည့် နည်းလမ်း**

၄.၂ ကို ထပ်လောင်းပြီး အထောက်အကူပြုခြင်း (scaffolding) ကို ပိုမိုကောင်းမွန်စေရန် အင်္ဂလိပ်စာဌာနအတွက် နမူနာ CPD အစီအစဉ်ကို ရေးဆွဲပြထားပါသည်။ ဆရာအတတ်ပညာသင် ဆရာဆရာမ တစ်ဦးချင်းစီအတွက် လိုက်လျောညီထွေရှိအောင် ပြုပြင်ရေးဆွဲနိုင်ပါသည်။

နမူနာ CPD အစီအစဉ်ကို ယူနစ် ၃ တွင် ပေါင်းစည်းထည့်သွင်းရန် အောက်ပါ အကြံပြုချက်အချို့ကို ပေးထားပါသည်။ သို့သော် ထိုအကြံပြုချက်များကို သင့်လျော်သလို ပြုပြင်ပြီး မိမိ၏ ကိုယ်ပိုင်စိတ်ကူးစိတ်သန်းများကိုလည်း ထပ်မံ ဖြည့်စွက်ပါ။

**၁. ဖော်ထုတ်ထားသည့် လျာထားချက်များ**

ဆရာအတတ်ပညာသင် ဆရာဆရာမများအား ကော်လံ ၁ တွင် ပါဝင်သည့် ဖော်ထုတ်ထားသည့် လျာထားချက်များကို ကြည့်ခိုင်းပါ။ ထိုလျာထားချက်များကို CPD အညွှန်းဘောင်ရှိ အောက်ပါ လုပ်ငန်းအစီအစဉ် ၁၁ ခုနှင့် ပြန်လှန်၍ညွှန်းခိုင်းပါ။

1. ပညာရေးပြုပြင်ပြောင်းလဲမှုအတွက် ပံ့ပိုးခြင်း
2. ပညာအရည်အချင်းမြှင့်တင်ခြင်း
3. အင်္ဂလိပ်ဘာသာစကားစွမ်းရည် မြှင့်တင်ခြင်း
4. ICT ကျွမ်းကျင်မှုမြှင့်တင်ခြင်း
5. သင်ကြားရေးစွမ်းရည်မြှင့်တင်ခြင်း
6. သုတေသနစွမ်းရည်ဖွံ့ဖြိုးရေး
7. ဦးဆောင်မှုနှင့် စီမံခန့်ခွဲမှုစွမ်းရည်ဖွံ့ဖြိုးရေး
8. စီမံဆောင်ရွက်မှုနှင့် ဘဏ္ဍာရေးစွမ်းရည်ဖွံ့ဖြိုးရေး
9. အထူးပြုစွမ်းရည်ဖွံ့ဖြိုးရေး
10. သာတူညီမျှမှုနှင့် အားလုံးအကျုံးဝင်သည့် ပညာရေး
11. CPDကို ကနဦးမိတ်ဆက်ခြင်း

CPD အညွှန်းဘောင်တွင်ပါရှိပြီး ဦးဆောင်အဖွဲ့များက CPD အစီအစဉ်တွင် ထည့်သွင်းရန် အရေးကြီးသည်ဟု ယူဆ သော်လည်း CPD အစီအစဉ်တွင် မပါဝင်သေးသည့် လုပ်ငန်းအစီအစဉ်နယ်ပယ်များ ရှိပါသလား။

လျာထားချက်များကို ထပ်တိုး၍ ဖော်ထုတ်ရန်နှင့် ယင်းတို့အတွက် အစီအစဉ်များ ရေးဆွဲရန် အစီအစဉ်ဆွဲရန် ပုံစံတွင် နေရာရှိသည်ကို သတိပြုပါ။

## ၂. CPD လုပ်ဆောင်ချက်များ (အမြန်တွေးခြင်း/ဉာဏ်ဖွင့်စဉ်းစားခြင်း)

နမူနာ အစီအစဉ်တွင် ပါရှိသော CPD လုပ်ဆောင်ချက်များကို ဖယ်လိုက်ပါ။ သင်တန်းသားများကို အုပ်စုငယ်များ ဖွဲ့စေပြီး ဖော်ထုတ်ထားသော လျာထားချက်များကို ပြည့်မီရန် ဆောင်ရွက်နိုင်သည့် CPD လုပ်ဆောင်ချက်များကို အမြန်စဉ်းစားခိုင်းပါ။

လိုအပ်ပါက သင်တန်းသားများသည် စိတ်ကူးစိတ်သန်းများ ပိုမိုရရှိနိုင်ရန် နောက်ဆက်တွဲ (က) ပို့ချမှုဆိုင်ရာ ချဉ်းကပ်ပုံများနှင့်နည်းများကို ရည်ညွှန်းနိုင်ပါသည်။

သင်တန်းသားများအား အုပ်စုငယ်များဖွဲ့စေပြီး အောင်မြင်မှု စံသတ်မှတ်ချက်များကို လျာထားချက်များ/CPD လုပ်ဆောင်ချက်များနှင့် တွဲခိုင်းပါ။

## ၃. အောင်မြင်မှု စံသတ်မှတ်ချက်များ (တွဲပေးခြင်း)

နမူနာ အစီအစဉ်တွင် ပါရှိသော အောင်မြင်မှု စံသတ်မှတ်ချက်များကို ဖယ်လိုက်ပါ။
နမူနာ အစီအစဉ်တွင် ပါရှိသော အောင်မြင်မှု စံသတ်မှတ်ချက်များဖြင့် ဇယားသစ် သို့မဟုတ် PPT စာမျက်နှာသစ် ဖန်တီးလိုက်ပါ။

သင်တန်းသားများအား အုပ်စုငယ်များဖွဲ့စေပြီး အောင်မြင်မှု စံသတ်မှတ်ချက်များကို လျာထားချက်များ/CPD လုပ်ဆောင်ချက်များနှင့် တွဲခိုင်းပါ။

| | | |
|---|---|---|
| **လျာထားချက် ၄။** အင်္ဂလိပ်စာအဖွဲ့က သင်တန်းပေးရန် အသုံးပြုသော သင်ကြားနည်းကို ဖွံ့ဖြိုးတိုးတက် စေရန်နှင့် ပိုမိုကောင်းမွန်စေရန် | → | **အောင်မြင်မှု စံသတ်မှတ်ချက် ခ။** သင်ခန်းစာကို ကြည့်ရှုလေ့လာခြင်း၊ လုပ်ဆောင်မှု သုတေသန၊ ဆရာအတတ်ပညာသင် ဆရာ/ ဆရာမက မိမိကိုယ်ကို စစ်ဆေးအကဲဖြတ်ခြင်း |

**၄. သုံးသပ်အကဲဖြတ်နည်းများ -** ဤကော်လံကို ယခု ဖယ်ရှား၍ ရပါသည်။ ယူနစ် ၄ တွင် ထပ်မံလေ့လာပါမည်။

## ၄.၃ ဆရာအတတ်သင် ဆရာ/မတို့အတွက်အစီအစဉ်ဆွဲရန်ပုံစံများ ၃၀ မိနစ်

- သင်တန်းသားများအား ဆရာအတတ်ပညာသင် ဆရာ/မများ၏လိုအပ်ချက်များနှင့် ၎င်းတို့၏ ကျောင်းသူ ကျောင်းသားများ၏လိုအပ်ချက်များကို အခြေခံပြီး ဦးစားပေး CPD နယ်ပယ်များကို သတ်မှတ်ရန် အထောက် အကူပြုသည့် အစီအစဉ်ရေးဆွဲရေးလုပ်ဆောင်ချက်တစ်ခုကို ပြင်ဆင်ထားကြောင်း ရှင်းပြပါ။ ထိုပုံစံကို ဦးဆောင်အဖွဲ့ဝင်များသည် မိမိတို့တစ်ဦးစီ၏ CPD လုပ်ဆောင်ချက်များအတွက်လည်း သုံးနိုင်ပါသည်။
    - သင်တန်းသားများအား နှစ်ယောက်စီတွဲ၍ သို့မဟုတ် အုပ်စုငယ်များအလိုက် မေးခွန်းများကို သုံးသပ်စေပါ။
    - ပြောင်းလဲသင့်သော သို့မဟုတ် ဖြည့်စွက်သင့်သော အရာများ ရှိပါသလား။
    - ထင်မြင်သုံးသပ်ချက်များ ဖော်ထုတ်ပါ။

- သင်တန်းသားများအား ဆရာအတတ်ပညာသင် ဆရာ/မများ တစ်ဦးချင်းစီအတွက် အစီအစဉ်ရေးဆွဲရန်ပုံစံကို ကြည့်ခိုင်းပါ။
    - ဌာနမှူးများအတွက် အစီအစဉ်ရေးဆွဲရန်ပုံစံနှင့် တူပါသလား သို့မဟုတ် ခြားနားပါသလား။
    - ပုံစံတွင် အပြောင်းအလဲများ ပြုလုပ်လိုပါသလား။
    - ဆရာအတတ်ပညာသင် ဆရာ/မများသည် ပုံစံကို ဖြည့်စွက်ရာတွင် မည်သို့သော ပံ့ပိုးမှုမျိုးလိုအပ်မည်ဟု သင် ထင်ပါသနည်း။
- သုံးသပ်ချက်များအပေါ် အခြေခံလျက် အစီအစဉ်ရေးဆွဲရေး လုပ်ဆောင်ချက်နှင့် ပုံစံတို့အတွက် အပြောင်းအလဲများပြုလုပ်ရန် သင်တန်းသားများအား အချိန်ပေးပါ။

# ၅. ပြန်လည်သုံးသပ်ခြင်း

## ၅.၁ အစီအစဉ်ဆွဲသည့်ပုံစံများကို ပြန်လည်သုံးသပ်ခြင်း — ၃၀ မိနစ်

- သင်တန်းသူ/သားတို့ ယနေ့အသုံးပြုခဲ့သည့် CPD အစီအစဉ်ဆွဲရန်ပုံစံကို ပြန်လည်သုံးသပ်ရန် ခဏတာ အချိန်ပေးပါ။
- ပုံစံအပေါ်ပြောင်းလဲလိုသည့် အချက်များကို နှစ်ယောက်တွဲ ရေးကြပါစေ။
- မိမိတို့အတွေးအမြင်ကို အခြားအတွဲတစ်တွဲနှင့် ဝေမျှကြရန်။
- တစ်တန်းလုံးထံမှ တုံ့ပြန်ဖြေကြားစေပြီး သဘောတူထားသည့်အတိုင်း ပုံစံကို ပြင်ဆင်ကြပါမည်။

## ကျမ်းကိုး


Cambridge Papers in ELT series (April 2018) Effective Professional Development: Principles and best practice (Cambridge University Press) *https://www.cambridge.org/elt/blog/2018/04/04/effective-professional-development-principles/*

CPD Framework for Education Colleges in Myanmar

Guskey, T. (2001) Evaluating Professional Development. London: Corwin Press

Guskey, T. (March 2002) Evaluating Professional Development. Does it make a difference? pp. 45 – 51 Educational Leadership, Volume 59. Number 6 *https://pdo.ascd.org/LMSCourses/PD13OC010M/media/Leading_Prof_Learning_M6_Reading1.pdf*

Kelly, S. (2006) The CPD Co-ordinator's Toolkit. Paul Chapman Publishing

# ယူနစ် ၃။

## မိမိ၏ ပညာရေးဒီဂရီကောလိပ်တွင် လုပ်ငန်းအတတ်ပညာ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်မှု (CPD)အညွှန်းဘောင်အတွက် ကြိုတင်ပြင်ဆင်ခြင်းနှင့် အစီအစဉ်ရေးဆွဲခြင်း

(ဆရာအတတ်ပညာသင် ဆရာဆရာမများအတွက်)

## ယူနစ် ၃။ မိမိ၏ ပညာရေးဒီဂရီကောလိပ်တွင် လုပ်ငန်းအတတ်ပညာ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်မှု (CPD) အညွှန်းဘောင်အတွက် ကြိုတင်ပြင်ဆင်ခြင်းနှင့် အစီအစဉ်ရေးဆွဲခြင်း (ဆရာအတတ်ပညာသင် ဆရာဆရာမများအတွက်)

### ခြုံငုံသုံးသပ်ချက်

မြန်မာနိုင်ငံတစ်ဝန်းရှိပညာရေးကောလိပ် ၂၅ ကျောင်းမှ ဦးဆောင်အဖွဲ့များ၊ ဆရာအတတ်သင် သင်တန်း ဆရာ/မများ အတွက် လုပ်ငန်းအတတ်ပညာ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်မှု (CPD)၏ အရေးပါပုံကို ပိုမိုသတိမူလာစေရန် ရည်သန်လျက် ပို့ချမည့် လုပ်ငန်းအတတ်ပညာ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်မှု ဘာသာရပ်ယူနစ်လေးခုမှ တတိယ ယူနစ် ဖြစ်ပါသည်။

၁. လုပ်ငန်းအတတ်ပညာ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်မှု (CPD)အပေါ်ညီတူညီမျှနားလည်ခြင်း
၂. လုပ်ငန်းအတတ်ပညာ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်မှု (CPD)၏ အကျိုးကျေးဇူး
**၃. မိမိ၏ပညာရေးဒီဂရီကောလိပ်တွင် လုပ်ငန်းအတတ်ပညာ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်မှု (CPD) အညွှန်းဘောင်အတွက် ကြိုတင်ပြင်ဆင်ခြင်းနှင့် အစီအစဉ်ရေးဆွဲခြင်း**
၄. မိမိ၏ လုပ်ငန်းအတတ်ပညာ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်မှုအစီအစဉ် ထိရောက်မှုကို တိုင်းတာခြင်း

ဤယူနစ်၏ ရည်ရွယ်ချက်မှာ CPD ညှိနိုင်းမှု၊ စီမံခန့်ခွဲမှု၊ ဖော်ဆောင်မှုအတွက် ပညာရေးကောလိပ်၏ အဓိကဝန်ထမ်းများ၏ ကဏ္ဍနှင့်တာဝန်များရှင်းလင်းဖော်ပြရန်ဖြစ်သည်။ ဌာနအဆင့်နှင့် ဆရာအတတ်သင် ဆရာ/မ တစ်ဦးချင်း နှစ်စဉ် CPD လုပ်ဆောင်ချက်များ စီစဉ်ရာတွင် အသုံးပြုနိုင်မည့် ပုံစံတစ်ခုကို သင်တန်းသူ/သားများ ချမှတ်နိုင်ပါမည်။

### မာတိကာ

| ကဏ္ဍ | အကြောင်းအရာ | သုံးမည့်ပစ္စည်းများ | အချိန်(မိနစ်) |
|---|---|---|---|
| သင်ယူမှုရလဒ်များ | အခန်းပိုင်း(MODULE)အတွက်<br>သင်ယူမှုရလဒ်များကို မိတ်ဆက်ခြင်း | | ၅ |
| ၁. ပြန်လည်သုံးသပ်/<br>အစပျိုးခြင်း | ၁.၁ CPD နယ်ပယ်များ ပြန်လှန်သုံးသပ်ခြင်း<br>၁.၂ PEMR မိတ်ဆက် | PEMR စက်ဝန်း | ၁၀<br>၁၀ |
| ၂. ကဏ္ဍနှင့်တာဝန်များ | ၂.၁ CPD စီစဉ်ရန် ကဏ္ဍနှင့် တာဝန်များ ခြုံငုံသုံးသပ်ခြင်း | CPD အညွှန်းဘောင် | ၁၅ |
| ၃. စီစဉ်ခြင်း | ၃.၁ ဆရာအတတ်ပညာသင် ဆရာ/မများ အစီအစဉ်<br>ရေးဆွဲရန်အတွက် တိုက်ဆိုင် စစ်ဆေးရင်း | အစီအစဉ်တိုက်စစ်ရန်စာရင်း | ၂၀ |
| ၄. လက်တွေ့အသုံးချမှု | ၄.၁ ဆရာအတတ်ပညာသင် ဆရာ/မများ အစီအစဉ်ရေး ဆွဲရန်<br>ပုံစံများ | အစီအစဉ်ဆွဲသည့်ပုံစံ<br>CPD အညွှန်းဘောင်<br>နောက်ဆက်တွဲ က | ၄၀ |
| ၅. ပြန်လှန်သုံးသပ်ခြင်း | ၅.၁ အစီအစဉ်ဆွဲသည့်ပုံစံကို ပြန်လည်သုံးသပ်ခြင်း | အစီအစဉ်ဆွဲသည့်ပုံစံများ | ၁၀ |
| ကျမ်းကိုး | | | |

## သင်ယူမှု ရလဒ်များ

၅ မိနစ်

ဤယူနစ်အဆုံးတွင် အောက်ပါတို့ကို လုပ်ဆောင်နိုင်ပါမည်။

- CPDအစီအစဉ်ဆွဲမှုနှင့်စပ်လျဉ်းသည့်ကဏ္ဍနှင့်တာဝန်များဖော်ထုတ်ခြင်း
- အခန်းကဏ္ဍများနှင့်ဆက်နွယ်သည့် အစီအစဉ်လုပ်ရန် အစီအစဉ်ဆွဲသည့်ပုံစံအသုံးပြုခြင်း
- အစီအစဉ်အပေါ်အချင်းချင်းတုံ့ပြန်ဖြေကြားခြင်း
- အစီအစဉ်ဆွဲမှုလုပ်ငန်းအပေါ်ပြန်လည်သုံးသပ်ခြင်း

## ၁. ပြန်လည်သုံးသပ်/အစပျိုးခြင်း

### ၁.၁ CPD နယ်ပယ်များကို ပြန်လှန်သုံးသပ်ခြင်း ၁၀ မိနစ်

- CPD အညွှန်းဘောင်တွင် အစီအစဉ်နယ်ပယ် ၁၁ ခု ရှိကြောင်း သင်တန်းသူ/သားများကို သတိပေးပါ (အောက်ပါစာရင်းကိုကြည့်ရန်)။ ယူနစ် ၂ မှာ အချို့ကို ကြည့်ခဲ့ပြီးပြီ။
- ဥပမာတစ်ခုနှစ်ခု မေးမြန်းဖော်ထုတ်ပါ။
- ယူနစ် ၂ (နောက်ဆက်တွဲ က) မှစာရင်းကို ကိုးကားခြင်းသော်လည်းကောင်း၊ စာရင်းကို PPT အပေါ် ကူးယူခြင်းသော်လည်းကောင်း လုပ်ဆောင်ပါ။
- စာရင်းကို ဖတ်ချိန်တစ်မိနစ်ပေးပြီး အစီအစဉ်နယ်ပယ်များကို တတ်နိုင်သလောက် မှတ်သားကြရန်။
- သင်တန်းသူ/သားများ အဖွဲ့ဖွဲ့ပြီး မှတ်မိသမျှ အစီအစဉ်နယ်ပယ်များ ရေးချကြရန်။ နှစ်မိနစ်အတွင်းအပြီးရေးကြပါစေ။
- နှစ်မိနစ်အပြီး ရပ်ခိုင်းပါ။
- အဖြေမှန်အများဆုံးအဖွဲ့မှ အနိုင်ရပါသည်။

1. ပညာရေးပြုပြင်ပြောင်းလဲမှုအတွက် ပံ့ပိုးခြင်း
2. ပညာအရည်အချင်းမြှင့်တင်ခြင်း
3. အင်္ဂလိပ်ဘာသာစကားစွမ်းရည် မြှင့်တင်ခြင်း
4. ICT ကျွမ်းကျင်မှုမြှင့်တင်ခြင်း
5. သင်ကြားရေးစွမ်းရည်မြှင့်တင်ခြင်း
6. သုတေသနစွမ်းရည်ဖွံ့ဖြိုးရေး
7. ဦးဆောင်မှုနှင့် စီမံခန့်ခွဲမှုစွမ်းရည်ဖွံ့ဖြိုးရေး
8. စီမံဆောင်ရွက်မှုနှင့် ဘဏ္ဍာရေးစွမ်းရည်ဖွံ့ဖြိုးရေး
9. အထူးပြုစွမ်းရည်ဖွံ့ဖြိုးရေး
10. သာတူညီမျှမှုနှင့် အားလုံးအကျုံးဝင်သည့် ပညာရေး
11. CPDကို ကနဦးမိတ်ဆက်ခြင်း

လုပ်ဆောင်နိုင်သည့် အခြားတစ်နည်း - သင်ပုန်းကျောပေး (backs to the board) လုပ်ဆောင်ချက်၏ မူကွဲတစ်မျိုးကို လုပ်ပါ။ သင်တန်းဆရာ (သို့မဟုတ် သင်တန်းသူ/သား)က နှုတ်ဖြင့် သို့မဟုတ် ပုံဖြင့် စာရင်းမှ အကြောင်းအရာ တစ်ခုကို သဲလွန်စပေးပြီး သင်တန်းသူ/သားများမှ အစီအစဉ်နယ်ပယ်ကို ခန့်မှန်းကြပါမည်။ အကြောင်းအရာ ၅-၆ မျိုးဖြင့် ဆက်လုပ်ပါ။

## ၁.၂ PEMR မိတ်ဆက်

၁၀ မိနစ်

- PMER (Planning, Evaluation, Monitoring & Reflection) စက်ဝန်းကို ပညာရေး ဒီဂရီ ကောလိပ် အစီအစဉ်အား အထောက်အကူပြုပြီး CPD လုပ်ငန်းများ ထိရောက်မှုရှိမရှိ သုံးသပ် အကဲဖြတ်ရန် ပုံစံတစ်ခု ချပေးသည့် စက်ဝန်းတစ်ခုအဖြစ် မိတ်ဆက်ပါ။
- စက်ဝန်းကို သင်ပုန်းပေါ်တွင် အပိုင်းတစ်ပိုင်းချင်း၏ ပထမစာလုံးပေးပြီး ရေးဆွဲကာ တစ်ပိုင်းစီ၏ အမည်ကို မေးမြန်းဖော်ထုတ်ပါ။




**လုပ်ဆောင်ချက် ၁**

- သင်တန်းသူ/သားများ နှစ်ယောက်စီတွဲပြီး planning, monitoring, evaluating, reviewing ဝေါဟာရ တစ်ခုချင်း မည်သို့ နားလည်ကြောင်းဆွေးနွေးကြပါစေ။ ဥပမာ 'monitoring' နှင့်'evaluating'တို့ မည်ကဲ့သို့ ကွာခြားပါသနည်း။ 'monitoring' နှင့်'reviewing'တို့ မည်ကဲ့သို့ ကွာခြားပါသနည်း။
- အဖြေကိုမေးမြန်းဖော်ထုတ်ပါ။

> အဖြေ
>
> **အစီအစဉ်ဆွဲခြင်း -** ပညာရေးကောလိပ်၏ ပန်းတိုင်များချမှတ်ခြင်း၊ ပိုမိုကောင်းမွန်တိုးတက်မှုအတွက် ဦးစားပေးအစီအစဉ်များ၊ ကာလတစ်ခုအတွက် CPD လုပ်ငန်းများ သဘောတူခြင်း
>
> **စောင့်ကြည့်လေ့လာခြင်း -** CPD လုပ်ငန်းများ၏ တိုးတက်မှုနှင့် ထိရောက်မှုအကြောင်း သတင်းအချက်အလက် စုဆောင်းခြင်း
>
> **သုံးသပ်အကဲဖြတ်ခြင်း -** ပန်းတိုင်များ၊ ပိုမိုကောင်းမွန်တိုးတက်မှုအတွက် ဦးစားပေးအစီအစဉ်များ၊ သဘောတူထားသော CPD လုပ်ငန်းများကို သုံးသပ်ဆုံးဖြတ်ခြင်း
>
> **ပြန်လှန်သုံးသပ်ခြင်း-** ပန်းတိုင်များ၊ ပိုမိုကောင်းမွန်တိုးတက်မှုအတွက် ဦးစားပေးအစီအစဉ်များ၊ CPD လုပ်ငန်းများကို တိုးတက်မှုအကြောင်း ရရှိလာသည့် သတင်းအချက်အလက်များအရ ပြန်လည် ဆန်းစစ်အကဲဖြတ်ခြင်း
>
> သုံးသပ်အကဲဖြတ်ခြင်းသည် ကျွန်ုပ်တို့၏ CPD လုပ်ငန်းများသည် ရည်သန်ချက်ကို ပေါက်မြောက်ခြင်း ရှိမရှိကို အဆုံးအဖြတ်ပေးရန် အထောက်အကူပြုပါသည်။ ယူနစ် ၄ တွင် ပိုမို အသေးစိတ် ကြည့်ရှုပါမည်။

**လုပ်ဆောင်ချက် ၂**

- သင်တန်းသူ/သား တစ်ယောက်ချင်း PMER စက်ဝန်းပိုင်းများနှင့် မေးခွန်းများ တွဲပေးကြပါစေ။
- နှစ်ယောက်တွဲ အဖြေတိုက်ကြရန်။
- အဖြေကို မေးမြန်းဖော်ထုတ်ပါ။

အဖြေ- 1. b; 2. d; 3. a; 4. c

## ၂. ကဏ္ဍနှင့်တာဝန်များ

### ၂.၁ CPD ကို အစီအစဉ်ဆွဲရန်ကဏ္ဍနှင့် တာဝန်များ ခြုံငုံသုံးသပ်ခြင်း ၁၅ မိနစ်

မြန်မာနိုင်ငံ ပညာရေးဒီဂရီကောလိပ်များအတွက် CPD အညွှန်းဘောင်က ကျောင်းတစ်ကျောင်းချင်းရှိ ကဏ္ဍနှင့် တာဝန်များကို ခြုံငုံသုံးသပ်ပေးကြောင်း သင်တန်းသူ/သားများကို ရှင်းပြပါ။ ကျောင်းအုပ်ကြီးမှ ဒုတိယကျောင်းအုပ်၊ ဌာနမှူးများနှင့် ညှိနိုင်းရန် အဓိကတာဝန်ရှိပြီး ဆရာ/မတစ်ဦးချင်းတွင်လည်း တာဝန်ရှိပါသည်။

- အောက်ပါခေါင်းစဉ်များကို သင်ပုန်းပေါ်ရေးပါ။
  ၁. ပညာရေးကောလိပ်နှစ်စဉ် CPD အစီအစဉ်
  ၂. ဌာနဆိုင်ရာလုပ်ငန်းအစီအစဉ်
  ၃. တစ်ဦးချင်းမှတ်တမ်း

အထက်ပါလုပ်ငန်းတစ်ခုချင်းအတွက် မည်သူကတာဝန်ရှိပါသနည်း - ကျောင်းအုပ်ကြီး၊ ဒုတိယကျောင်းအုပ်ကြီး၊ ဌာနမှူး၊ ဆရာအတတ်သင် သင်တန်းဆရာ/မတစ်ဦးချင်း။

အဖြေ
၁. ပညာရေးကောလိပ်နှစ်စဉ် CPD အစီအစဉ်- ကျောင်းအုပ်ကြီး၊ ဒုတိယကျောင်းအုပ်ကြီး၊
၂. ဌာနဆိုင်ရာလုပ်ငန်းအစီအစဉ် - ဌာနမှူး
၃. တစ်ဦးချင်းမှတ်တမ်း - ဆရာအတတ်သင် သင်တန်းဆရာ/မတစ်ဦးချင်း

- အချိန်စီမံခန့်ခွဲခြင်း (Time management )နှင့် အချိန်ခွဲဝေသတ်မှတ်ခြင်း (Time allocation) တို့၏ ခြားနားချက်ကို ရှင်းလင်းပါ။ မည်သည့်ဝေါဟာရက တစ်စုံတစ်ခုအတွက် အချိန်မည်မျှသုံးသည်ကို ရည်ညွှန်းပါသနည်း (အဖြေ -time allocation) မည်သည့်ဝေါဟာရက ဘယ်အချိန်မှာ ဘာလုပ်ဖို့ စီစဉ်သည်ကို ရည်ညွှန်းပါသနည်း (အဖြေ- time management)
- ကဏ္ဍနှင့်တာဝန်အကြောင်း CPD ကောက်နုတ်ချက်ကိုကြည့်ကြပါစေ။ တစ်ယောက်ချင်း စာဖတ်ပြီး ခေါင်းစဉ် အမှန်ဖြင့်တွဲကြရန်။
- နှစ်ယောက်တစ်တွဲအဖြေတိုက်ကြပါမည်။

  အဖြေ- 1. b; 2. c; 3. e; 4. a; 5. d

# ၃. အစီအစဉ်ရေးဆွဲခြင်း

## ၃.၁ ဆရာအတတ်ပညာသင် ဆရာဆရာမများ အစီအစဉ်ရေးဆွဲရန် အတွက် တိုက်ဆိုင်စစ်ဆေးရန် စာရင်းများ

၂၀ မိနစ်

- သင်တန်းသားများအား အုပ်စုငယ်များအတွင်း မေးခွန်းများကို ဆွေးနွေးရန်၊ အဖြေများကို ပေးထားသော နေရာတွင် ရေးမှတ်ရန် ပြောပါ။ ဤဆွေးနွေးမှု၏ ရည်ရွယ်ရင်းမှာ ဆရာအတတ်ပညာသင် ဆရာ ဆရာမ များသည် မိမိတို့၏ ပန်းတိုင်များကို အာရုံစိုက်နိုင်အောင်နှင့် မိမိ၏ CPD အစီအစဉ်ကို ရေးဆွဲရာတွင် စိတ်ကူးစိတ်သန်းများရလာနိုင်အောင် အထောက်အကူပြုပေးရန် ဖြစ်ပါသည်။
- အုပ်စု တစ်စုနစ်စုကို မိမိတို့၏ စိတ်ကူးစိတ်သန်းများကို အများသို့ဝေမျှပေးရန် ဖိတ်ခေါ်ပါ။

# ၄. လက်တွေ့အသုံးချမှု

## ၄.၁ ဆရာအတတ်ပညာသင် ဆရာဆရာမများအတွက် အစီအစဉ်ဆွဲရန်ပုံစံ

၄၀ မိနစ်

- ဆရာ/မတစ်ဦးချင်းအတွက် အစီအစဉ်ဆွဲရန် ပုံစံကို မိတ်ဆက်ပေးပါ။
- လုပ်ဆောင်ချက် ၁ (အပိုင်း ၄.၃)တွင် သင်တန်းသူ/သားတို့ ဖြေကြားထားသည့်အပေါ် မူတည်လျက် 'သတ်မှတ်ထားသည့် လျာထားချက်များ' (identified targets)ထားရှိမည်ဖြစ်ကြောင်း ရှင်းပြပါ။
- နောက်ဆုံးကော်လံ 'သုံးသပ်အကဲဖြတ်ရန် နည်းလမ်းများ' (evaluation methods) အကြောင်း စိတ်မပူရန် ပြောပါ။ နောက်ယူနစ်တွင် ပိုမို၍ အသေးစိတ်ကြည့်မည်ဖြစ်ပါသည်။
- ပုံစံကို တစ်ယောက်ချင်းဖြည့်ရန် အချိန်ပေးပါ။ သင်တန်းချိန်အတွင်း ပြီးအောင်လုပ်ရန် အချိန်မလောက်လျှင် အိမ်စာအဖြစ် ပေးနိုင်ပါသည်။
- ပုံစံဖြည့်ပြီးလျှင် မိမိလုပ်ဖော်ကိုင်ဖက်၏အစီအစဉ်ကို ပြန်လှန်သုံးသပ်ရန် နှစ်ယောက်တွဲ လုပ်ကြပါစေ။ အစီအစဉ်မှ လုပ်ဆောင်ချက်များက ဆရာ/မ ချမှတ်ထားသည့် ပန်းတိုင်နှင့်ချိတ်ဆက်မိပါသလား။ အစီအစဉ်က လက်တွေ့ကျပါသလား။ ပြောင်းလဲဖို့ အကြံပြုနိုင်ပါသလား။
- တုံ့ပြန်ဖြေကြားမှုအပေါ်အခြေခံလျက် ပုံစံများပြောင်းလိုက ပြောင်းနိုင်ရန် သင်တန်းသူ/သားများကို အချိန်ပေးပါ။

**အခြားလုပ်ဆောင်နိုင်သည့် နည်းလမ်း**

၄.၂ ကို ထပ်လောင်းပြီး အထောက်အကူပြုခြင်း (scaffolding) ကို ပိုမိုကောင်းမွန်စေရန် အင်္ဂလိပ်စာဌာနအတွက် နမူနာ CPD အစီအစဉ်ကို ရေးဆွဲပြထားပါသည်။ ဆရာအတတ်ပညာသင် ဆရာဆရာမ တစ်ဦးချင်းစီအတွက် လိုက်လျောညီထွေရှိအောင် ပြုပြင်ရေးဆွဲနိုင်ပါသည်။

နမူနာ CPD အစီအစဉ်ကို ယူနစ် ၃ တွင် ပေါင်းစည်းထည့်သွင်းရန် အောက်ပါ အကြံပြုချက်အချို့ကို ပေးထားပါသည်။ သို့သော် ထိုအကြံပြုချက်များကို သင့်လျော်သလို ပြုပြင်ပြီး မိမိ၏ ကိုယ်ပိုင်စိတ်ကူးစိတ်သန်းများကိုလည်း ထပ်မံ ဖြည့်စွက်ပါ။

### ၁. ဖော်ထုတ်ထားသည့် လျာထားချက်များ

ဆရာအတတ်ပညာသင် ဆရာဆရာမများအား ကော်လံ ၁ တွင် ပါဝင်သည့် ဖော်ထုတ်ထားသည့် လျာထားချက်များကို ကြည့်ခိုင်းပါ။ ထိုလျာထားချက်များကို CPD အညွှန်းဘောင်ရှိ အောက်ပါ လုပ်ငန်းအစီအစဉ် ၁၁ ခုနှင့် ပြန်လှန်၍ညွှန်းခိုင်းပါ။

1. ပညာရေးပြုပြင်ပြောင်းလဲမှုအတွက် ပံ့ပိုးခြင်း
2. ပညာအရည်အချင်းမြှင့်တင်ခြင်း
3. အင်္ဂလိပ်ဘာသာစကားစွမ်းရည် မြှင့်တင်ခြင်း
4. ICT ကျွမ်းကျင်မှုမြှင့်တင်ခြင်း
5. သင်ကြားရေးစွမ်းရည်မြှင့်တင်ခြင်း
6. သုတေသနစွမ်းရည်ဖွံ့ဖြိုးရေး
7. ဦးဆောင်မှုနှင့် စီမံခန့်ခွဲမှုစွမ်းရည်ဖွံ့ဖြိုးရေး
8. စီမံဆောင်ရွက်မှုနှင့် ဘဏ္ဍာရေးစွမ်းရည်ဖွံ့ဖြိုးရေး
9. အထူးပြုစွမ်းရည်ဖွံ့ဖြိုးရေး
10. သာတူညီမျှမှုနှင့် အားလုံးအကျုံးဝင်သည့် ပညာရေး
11. CPDကို ကနဦးမိတ်ဆက်ခြင်း

CPD အညွှန်းဘောင်တွင်ပါရှိပြီး ဦးဆောင်အဖွဲ့များက CPD အစီအစဉ်တွင် ထည့်သွင်းရန် အရေးကြီးသည်ဟု ယူဆ သော်လည်း CPD အစီအစဉ်တွင် မပါဝင်သေးသည့် လုပ်ငန်းအစီအစဉ်နယ်ပယ်များ ရှိပါသလား။

လျာထားချက်များကို ထပ်တိုး၍ ဖော်ထုတ်ရန်နှင့် ယင်းတို့အတွက် အစီအစဉ်များ ရေးဆွဲရန် အစီအစဉ်ဆွဲရန် ပုံစံတွင် နေရာရှိသည်ကို သတိပြုပါ။

### ၂. CPD လုပ်ဆောင်ချက်များ (အမြန်တွေးခြင်း/ဉာဏ်ဖွင့်စဉ်းစားခြင်း)

နမူနာ အစီအစဉ်တွင် ပါရှိသော CPD လုပ်ဆောင်ချက်များကို ဖယ်လိုက်ပါ။ သင်တန်းသားများကို အုပ်စုငယ်များ ဖွဲ့စေပြီး ဖော်ထုတ်ထားသော လျာထားချက်များကို ပြည့်မီရန် ဆောင်ရွက်နိုင်သည့် CPD လုပ်ဆောင်ချက်များကို အမြန်စဉ်းစားခိုင်းပါ။

လိုအပ်ပါက သင်တန်းသားများသည် စိတ်ကူးစိတ်သန်းများ ပိုမိုရရှိနိုင်ရန် နောက်ဆက်တွဲ(က) ပို့ချမှုဆိုင်ရာ ချဉ်းကပ်ပုံများနှင့် နည်းများကို ရည်ညွှန်းနိုင်ပါသည်။

သင်တန်းသားများအား အုပ်စုငယ်များဖွဲ့စေပြီး အောင်မြင်မှု စံသတ်မှတ်ချက်များကို လျာထားချက်များ/CPD လုပ်ဆောင်ချက်များနှင့် တွဲခိုင်းပါ။

### ၃. အောင်မြင်မှု စံသတ်မှတ်ချက်များ (တွဲပေးခြင်း)

နမူနာ အစီအစဉ်တွင် ပါရှိသော အောင်မြင်မှု စံသတ်မှတ်ချက်များကို ဖယ်လိုက်ပါ။

နမူနာ အစီအစဉ်တွင် ပါရှိသော အောင်မြင်မှု စံသတ်မှတ်ချက်များဖြင့် ဖယားသစ် သို့မဟုတ် PPT စာမျက်နှာသစ် ဖန်တီးလိုက်ပါ။

သင်တန်းသားများအား အုပ်စုငယ်များဖွဲ့စေပြီး အောင်မြင်မှု စံသတ်မှတ်ချက်များကို လျာထားချက်များ/CPD လုပ်ဆောင်ချက်များနှင့် တွဲခိုင်းပါ။

**လျာထားချက် ၄။** အင်္ဂလိပ်စာအဖွဲ့က သင်တန်းပေးရန် အသုံးပြုသော သင်ကြားနည်းကို ဖွံ့ဖြိုးတိုးတက် စေရန်နှင့် ပိုမိုကောင်းမွန်စေရန်

→

**အောင်မြင်မှု စံသတ်မှတ်ချက် ခ။** သင်ခန်းစာကို ကြည့်ရှုလေ့လာခြင်း၊ လုပ်ဆောင်မှု သုတေသန၊ ဆရာအတတ်ပညာသင် ဆရာ/ ဆရာမက မိမိကိုယ်ကို အကဲဖြတ်စစ်ဆေးခြင်း

**၄. သုံးသပ်အကဲဖြတ်ရန် နည်းလမ်းများ -** ဤကော်လံကို ယခု ဖယ်ရှား၍ ရပါသည်။ ယူနစ် ၄ တွင် ထပ်မံလေ့လာပါမည်။

## ၅. ပြန်လည်သုံးသပ်ခြင်း

### ၅.၁ အစီအစဉ်ဆွဲသည့်ပုံစံများကို ပြန်လည်သုံးသပ်ခြင်း ၁၀ မိနစ်

- သင်တန်းသူ/သားတို့ ယနေ့အသုံးပြုခဲ့သည့် CPD အစီအစဉ်ဆွဲရန်ပုံစံကို ပြန်လည်သုံးသပ်ရန် ခဏတာ အချိန်ပေးပါ။
- ပုံစံအပေါ်ပြောင်းလဲလိုသည့် အချက်များကို နှစ်ယောက်တွဲ ရေးကြပါစေ။
- မိမိတို့အတွေးအမြင်ကို အခြားအတွဲတစ်တွဲနှင့် ဝေမျှကြရန်။
- တစ်တန်းလုံးထံမှ တုံ့ပြန်ဖြေကြားစေပြီး သဘောတူထားသည့်အတိုင်း ပုံစံကို ပြင်ဆင်ကြပါမည်။

## ကျမ်းကိုး


Cambridge Papers in ELT series (April 2018) Effective Professional Development: Principles and best practice (Cambridge University Press) *https://www.cambridge.org/elt/blog/2018/04/04/effective-professional-development-principles/*

CPD Framework for Education Colleges in Myanmar

Guskey, T. (2001) Evaluating Professional Development. London: Corwin Press

Kelly, S. (2006) The CPD Co-ordinator's Toolkit. Paul Chapman Publishing

# ယူနစ် ၄။

## မိမိ၏ လုပ်ငန်းအတတ်ပညာ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်မှုအစီအစဉ် ထိရောက်မှုကို တိုင်းတာခြင်း

# ယူနစ် ၄။ မိမိ၏ လုပ်ငန်းအတတ်ပညာ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်မှုအစီအစဉ် ထိရောက်မှုကို တိုင်းတာခြင်း

## ခြုံငုံသုံးသပ်ချက်

မြန်မာနိုင်ငံတစ်ဝန်းရှိပညာရေးကောလိပ် ၂၅ ကျောင်းမှ ဦးဆောင်အဖွဲ့များ၊ ဆရာအတတ်သင် သင်တန်း ဆရာ/မများ အတွက် လုပ်ငန်းအတတ်ပညာ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်မှု (CPD)၏ အရေးပါပုံကို ပိုမိုသတိမူလာစေရန် ရည်သန်လျက် ပို့ချမည့် လုပ်ငန်းအတတ်ပညာ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်မှု ဘာသာရပ်ယူနစ်လေးခုမှ စတုတ္ထယူနစ် ဖြစ်ပါသည်။

၁. လုပ်ငန်းအတတ်ပညာ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်မှု (CPD)အပေါ်သိတူညီမျှနားလည်ခြင်း
၂. လုပ်ငန်းအတတ်ပညာ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်မှု (CPD)၏ အကျိုးကျေးဇူး
၃. မိမိ၏ပညာရေး ဒီဂရီကောလိပ်တွင် လုပ်ငန်းအတတ်ပညာ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်မှု (CPD) အညွှန်းဘောင်အတွက် ကြိုတင်ပြင်ဆင်ခြင်းနှင့် အစီအစဉ်ရေးဆွဲခြင်း
**၄. မိမိ၏ လုပ်ငန်းအတတ်ပညာ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်မှုအစီအစဉ် ထိရောက်မှုကို တိုင်းတာခြင်း**

ဤနောက်ဆုံးယူနစ်တွင် လုပ်ငန်းအတတ်ပညာ စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်မှု အစီအစဉ်အား စောင့်ကြည့် လေ့လာမှုနှင့် သုံးသပ်အကဲဖြတ်မှုတို့၏အရေးပါပုံကို စဉ်းစားကြရန်ရည်သန်ပါသည်။ CPD လုပ်ဆောင်ချက်များကို စောင့်ကြည့်လေ့လာပြီး သုံးသပ်အကဲဖြတ်နိုင်မည့် လက်တွေ့နည်းလမ်းအသွယ်သွယ်ကို ကြည့်ကြပြီး ယူနစ် ၃ တွင် ဖော်ဆောင်ခဲ့သည့် CPD အစီအစဉ်များအတွက် လက်တွေ့အသုံးပြုကြပါမည်။

## မာတိကာ

| ကဏ္ဍ | အကြောင်းအရာ | သုံးမည့်ပစ္စည်းများ | အချိန်(မိနစ်) |
|---|---|---|---|
| သင်ယူမှုရလဒ်များ | အခန်းပိုင်း(MODULE)အတွက် သင်ယူမှုရလဒ်များကို မိတ်ဆက်ခြင်း | | |
| ၁. ပြန်လည်သုံးသပ်/ အစပျိုးခြင်း | ၁.၁ PEMR ကို ပြန်လှန်သုံးသပ်ခြင်း<br>၁.၂ စောင့်ကြည့်လေ့လာခြင်းနှင့် သုံးသပ်အကဲဖြတ်ခြင်း | PEMR စက်ဝန်း | ၂၀ |
| ၂. CPD အတွက် စောင့်ကြည့် လေ့လာခြင်း နှင့် သုံးသပ်အကဲဖြတ်ခြင်း | ၂.၁ ဆွေးနွေးရန် မေးခွန်းများ<br>၂.၂ M&E နည်းများ<br>၂.၃ M&E နည်းများကို မိမိ၏ ပညာရေးဒီဂရီကောလိပ်တွင် အသုံးပြုခြင်း | ဂုတ်စကီး၏ အဆင့် ၅ ဆင့် | ၄၀ |
| ၃. အစီအစဉ်ဆွဲမှုနှင့် လက်တွေ့အသုံးချမှု | ၃.၁ M&E အတွက်ပြင်ဆင်ခြင်း | CPD အစီအစဉ်ဆွဲရန် ပုံစံများ | ၆၀ |
| ၄. ပြန်လှန်သုံးသပ်ခြင်း | ၄.၁ ရခဲ့သည့်သင်ခန်းစာများ<br>၄.၂ ပြန်လည်သုံးသပ်မှု မှတ်တမ်းကို အသုံးပြုခြင်း<br>၄.၃ နောက်ဆုံးအကြံပြုခြင်း | ပြန်လည်သုံးသပ်မှုမှတ်တမ်း | ၆၀ |
| ကျမ်းကိုး | | | |

## သင်ယူမှု ရလဒ်များ

ဤယူနစ်အဆုံးတွင် အောက်ပါတို့ကို လုပ်ဆောင်နိုင်ပါမည်။

- စောင့်ကြည့်လေ့လာခြင်းနှင့် သုံးသပ်အကဲဖြတ်ခြင်းတို့၏ အရေးပါပုံကို ဆွေးနွေးခြင်း
- CPDလုပ်ငန်းများကို သုံးသပ်အကဲဖြတ်ရာတွင်အသုံးပြုနိုင်မည့် နည်းလမ်းအသွယ်သွယ်ကို ဖော်ထုတ်ခြင်း
- နှစ်စဉ် CPD အစီအစဉ်နှင့် ဆီလျော်မည့် စောင့်ကြည့်လေ့လာမှုနှင့် သုံးသပ်အကဲဖြတ်မှုစနစ်ကို အသုံးချခြင်း
- သင်တန်းဖော်များ ဆွဲထားသည့် နှစ်စဉ် CPD အစီအစဉ်အပေါ် အချင်းချင်း တုံ့ပြန်ဖြေကြားခြင်း

## ၁. ပြန်လည်သုံးသပ်/အစပျိုးခြင်း ၂၀ မိနစ်

### ၁.၂ စောင့်ကြည့်လေ့လာခြင်းနှင့် သုံးသပ်အကဲဖြတ်ခြင်း

ဤယူနစ်သည် မိမိတို့ပညာရေးဒီဂရီကောလိပ်တွင် CPD အညွှန်းဘောင်အတွက်ပြင်ဆင်ခြင်းနှင့် စီစဉ်ခြင်း အကြောင်း သင်ကြားသည့် ယခင်ယူနစ်နှင့် နီးနီးကပ်ကပ် ဆက်စပ်မှုရှိပါသည်။ ယူနစ် ၃ တွင် နှစ်စဉ်CPD အစီအစဉ်တွင် ထည့်သွင်းနိုင်မည့် CPD ပို့ချနည်းများကိုကြည့်ခဲ့ကြပါပြီ။ ဤယူနစ်တွင် ထိုချဉ်းကပ်နည်းများကို စောင့်ကြည့်လေ့လာပေးပြီး သုံးသပ်အကဲဖြတ်နိုင်မည့် နည်းများကိုကြည့်ကြပါမည်။

**လုပ်ဆောင်ချက် ၁**

- သင်တန်းသူ/သားများအား တံတားလေးစင်းကိုကြည့်ကြပါစေ။ ပုံစံမတူသော်လည်း ရည်ရွယ်ချက်အတူတူပင် ဖြစ်ပါသည်။ တံတားများတွင်မည်သည့်တူညီသည့်အချက်ရှိပါသနည်း။

အဖြေ - point A မှ point B သို့ ဆက်စပ်ပေးပါသည်။

- မေးခွန်း ၁ နှင့် ၂ ကို နှစ်ယောက်တွဲပြီး ဆွေးနွေးကြပါစေ။
- PMER စက်ဝန်းကို အသေးစိတ်မှတ်မိရန် ထောက်ပေးရန်လိုအပ်လျှင် ယူနစ် ၃ အပိုင်း ၁ ကို ကိုးကားနိုင်ပါသည်။
- အဖြေကိုမေးမြန်းဖော်ထုတ်ပါ။

အဖြေ

**မေးခွန်း ၁**

**အစီအစဉ်ဆွဲခြင်း** - ပညာရေးဒီဂရီကောလိပ် ပန်းတိုင်များ၊ တိုးတက်မှုအတွက် ဦးစားပေး အစီအစဉ်များ၊

အစီအစဉ်ဆွဲခြင်း - ပညာရေးကောလိပ်၏ ပန်းတိုင်များ၊ ပိုမိုကောင်းမွန်တိုးတက်မှုအတွက် ဦးစားပေးအစီအစဉ်များ၊ ကာလတစ်ခုအတွက် သဘောတူကြသည့် CPD လုပ်ငန်းများ ချမှတ်ခြင်း

စောင့်ကြည့်လေ့လာခြင်း - CPD လုပ်ငန်းများ၏ တိုးတက်မှုနှင့် ထိရောက်မှုအကြောင်း သတင်းအချက်အလက် စုဆောင်းခြင်း

သုံးသပ်အကဲဖြတ်ခြင်း - ပန်းတိုင်များ၊ ပိုမိုကောင်းမွန်တိုးတက်မှုအတွက် ဦးစားပေးအစီအစဉ်များ၊ သဘောတူထားသော CPD လုပ်ငန်းများကို သုံးသပ်ဆုံးဖြတ်ခြင်း

ပြန်လှန်သုံးသပ်ခြင်း- ပန်းတိုင်များ၊ ပိုမိုကောင်းမွန်တိုးတက်မှုအတွက် ဦးစားပေးအစီအစဉ်များ၊ CPD လုပ်ငန်းများကို တိုးတက်မှုအကြောင်း ရရှိလာသည့် သတင်းအချက်အလက်များအရ ပြန်လည် ဆန်းစစ်အကဲဖြတ်ခြင်း

**မေးခွန်း ၂** - စက်ဝန်းအတွင်းရှိ လုပ်ငန်းလည်ပတ်မှု အဆင့်များအကြား ရှင်းလင်းထင်ရှားသည့် ဆက်စပ်မှုများ ရှိပါသည်။ တံတားများကဲ့သို့ပင် A မှ B သို့ သွားရောက်နိုင်မည့် နည်းလမ်းများစွာရှိသလို တစ်ဦးချင်းစီအတွက်အစီအစဉ်၊ စောင့်ကြည့်လေ့လာခြင်းနှင့် သုံးသပ်အကဲဖြတ်သည့်နည်းလမ်းများသည်လည်း အနေအထားတစ်ခုချင်းနှင့် လိုက်လျောညီထွေဖြစ်အောင် ကွဲပြားခြားနားနိုင်ပါသည်။

## ၁.၂ စောင့်ကြည့်လေ့လာခြင်းနှင့် သုံးသပ်အကဲဖြတ်ခြင်း

**လုပ်ဆောင်ချက် ၂**

- 'monitoring' နှင့် 'evaluation' ကိုသင်ပုန်းပေါ်ရေးပါ။
- ခေါင်းစဉ်နှင့် သရုပ်ဖော်ချက်ကို ပြန်တွဲပေးရန် သင်တန်းသူ/သားများနှစ်ယောက်စီ လုပ်ဆောင်ကြပါစေ။
- အဖြေကိုမေးမြန်းဖော်ထုတ်ပါ။
  အဖြေ - 1. Monitoring; 2. Evaluation
- ထိုအဆင့် နှစ်ခုအကြား အဓိကခြားနားချက်များကို အနှစ်ချုပ်ပြောကြပါစေ။
- ဤယူနစ်တွင် စောင့်ကြည့်လေ့လာခြင်းနှင့် သုံးသပ်အကဲဖြတ်ခြင်း နည်းအမျိုးမျိုးကို ဦးတည်စူးစိုက်မည်ဖြစ်ကြောင်း သင်တန်းသူ/သားများအားပြောပြပါ။

**ဖြစ်နိုင်သည့်အဖြေ**

စောင့်ကြည့်လေ့လာမှု (monitoring)ဟူသည်မှာ စဉ်ဆက်မပြတ် စစ်ဆေး အကဲဖြတ်မှုတစ်မျိုးဖြစ်ပြီး ဖြစ်ပျက်နေသည်တို့ကို ကြည့်ရှုလျက် သတင်းအချက်အလက်များကောက်ယူသည်။ သုံးသပ်အကဲဖြတ်မှု (evaluation)ကမူ ကောက်ယူထားသည့် အချက်အလက်များကို သတ်မှတ်ထားသည့် ရည်ရွယ်ချက်များအရ ပိုင်းခြားစိတ်ဖြာခြင်းဖြစ်ပါသည်။

## ၂. CPD အတွက် စောင့်ကြည့်လေ့လာခြင်းနှင့် သုံးသပ်အကဲဖြတ်ခြင်း　　　　၄၀ မိနစ်

### ၂.၁ ဆွေးနွေးရန် မေးခွန်းများ

- CPD အညွှန်းဘောင်ဆိုင်ရာမေးခွန်းနှစ်ခုကို တင်ပြပါ။ အညွှန်းဘောင်တွင် ပညာရေးဒီဂရီကောလိပ် တစ်ကျောင်းချင်း မိမိတို့ CPD အစီအစဉ်များကို စစ်ဆေး အကဲဖြတ်ပြီး၊ ထိုစစ်ဆေးအကဲဖြတ်မှုကို အခြေခံလျက် မြန်မာပြည်တစ်ဝန်း အညွှန်းဘောင်ကို ဖြန့်ကျက်အကောင်အထည်ဖော်ရန် ပြန်လှန်သုံးသပ်မည်ဟု ဖော်ပြထားပါသည်။
- မေးခွန်းနှစ်ခုကို ဖြေဆိုရန် အုပ်စုငယ်များ ဖွဲ့ပြီးလုပ်ဆောင်ကြပါစေ။
- အဖြေကိုမေးမြန်းဖော်ထုတ်ပါ။

တုံ့ပြန်ဖြေကြားချက်
မေးခွန်း ၁ - မိမိတို့ကျောင်းသည် ဤစံနှုန်းကို ပြည့်မီပြီဖြစ်ကြောင်း သင် မည်ကဲ့သို့ပြသမည်နည်းဟူသော မေးခွန်းကို သင်တန်းသူ/သားတို့ ဖြေကြားရာတွင် အခက်ကြုံလျှင် ဤအတန်းတွင် မိမိတို့ CPD အစီအစဉ်၏ အောင်မြင်မှုကို တိုင်းတာနိုင်မည့် နည်းများပေးမည်ဖြစ်ကြောင်းပြောပြပါ။ မိမိတို့ ကျောင်းက သတ်မှတ်ထားသည့် စံနှုန်းကို မီပြီဟု ပြသရန် သင်တန်းသူ/သားတို့ ပိုမိုယုံကြည်စိတ်ချခြင်း ရှိမရှိ သိနိုင်ရန် ယူနစ်အဆုံးမှ မေးခွန်းကို ပြန်ဖြေကြည့်နိုင်ပါသည်။

မေးခွန်း ၂ - ထိရောက်သည့် CPD အစီအစဉ်များသည် ဆရာအတတ်ပညာသင် ကျောင်းသူ/သားတို့၏ သင်ယူမှုရလဒ်များကို ပိုမိုကောင်းမွန်တိုးတက်စေရန် ဟူသော အဆုံးစွန်သောပန်းတိုင်ကို စွဲကိုင်ပြီး ဆရာအတတ်ပညာသင် ဆရာ၊ ဆရာမတို့၏ အသိပညာ၊ ကျွမ်းကျင်မှု၊ စိတ်အားတက်ကြွမှု၊ သင်ကြားမှု အလေ့အကျင့်တို့ကို တိုးတက်စေပါသည်။ ထို့ကြောင့် သင်တန်းသူ/သား တစ်ဦးချင်း စိတ်ကျေနပ်မှု၊ လုပ်ငန်းခွင်ကျွမ်းကျင်မှု၊ ပိုအရေးကြီးသည်မှာ စိတ်ဝင်တစား လိုက်ပါဆောင်ရွက်မှုနှင့် တိုးတက်မှုစသည့် CPD ၏ အကျိုးသက်ရောက်မှုကို အကဲဖြတ်နိုင်ပါသည်။ ဤယူနစ်တွင် ဆရာအတတ်ပညာသင် ကျောင်းသူ/သားတို့၏ သင်ယူမှုရလဒ်များအပေါ် CPD ၏အကျိုးသက်ရောက်မှုကို သုံးသပ် အကဲဖြတ်နည်းများဖော်ဆောင်ပုံကို ထည့်သွင်းစဉ်းစားကြပါမည်။

### ၂.၂ CPD ကိုစောင့်ကြည့် လေ့လာရန်နှင့် သုံးသပ်အကဲဖြတ်ရန် နည်းလမ်းများ

**လုပ်ဆောင်ချက် ၁**

- အောက်ပါသင်္ကေတများကို သင်ပုန်းပေါ်ရေးပြီး နမူနာလုပ်ပြပါ။
  - ? = မသိပါ
  - √ = ကြားဖူးပါသည်
  - ☺ = လုပ်ကြည့်ဖူးပါသည်

- 'အလုပ်ရုံဆွေးနွေးပွဲအပြီးမေးခွန်းလွှာ'ဟု သင်ပုန်းပေါ်ရေးပြီး မည်သည့်သင်္ကေတကို ရွေးမည် ဖြစ်ကြောင်းမေးမြန်းပါ။
- အဖြေကို ဘယ်ဖက်ကော်လံမှာ ရေးကြပါစေ။
- ဇယားကို တစ်ယောက်ချင်းဖြည့်ကြရန်။ သင်တန်းသူ/သားတို့ မရင်းနှီးသည့် အသုံးအနှုန်းများ ရှိလျှင် (?)ရေးကြပါစေ။
- လုပ်ဆောင်ချက်အဆုံးတွင် မရင်းနှီးသည့် အသုံးအနှုန်းများ ရှင်းပြပါ။

> သင်တန်းဆရာမှတ်စု
>
> **ပြန်လည်သုံးသပ်မှုမှတ်တမ်း - အပိုင်း ၅ တွင် ထပ်ကြည့်ကြပါမည်**
> ပြန်လည်သုံးသပ်မှုမှတ်တမ်းဖြင့် နေ့စဉ်ရက်ဆက်သို့မဟုတ် အလွတ်သဘောပိုမိုဆောင်သည့် သင်ယူတတ်မြောက်မှု "အနှစ်သာရ"ကို သိမ်းဆည်းထားနိုင်သည့် နည်းလမ်းတစ်ခုဖြစ်ပါသည်။ ဤနည်းအားဖြင့် အချိန်မရွေး ပြန်လည် ကိုးကား နိုင်သည့် ပိုမိုခိုင်မာသော သင်ယူမှုဂျာနယ်မှတ်တမ်းတစ်ခုကို ဆရာအတတ်သင် ဆရာ/မတို့မှ ပြုစုနေခြင်းလည်း ဖြစ်ပါသည်။ အလုပ်သဘောဖြစ်စေ၊ အလွတ်သဘောဖြစ်စေ လုပ်ငန်းအတတ်ပညာ ဆိုင်ရာ သင်ယူ တတ်မြောက်ရေးကို နီးနှောဆွေးနွေးကြရန်အတွက် ဂျာနယ်မှ အခြေပြု ဖော်ဆောင်နိုင်ပါသည်။ (နောက်ဆက်တွဲ က)
>
> **တစ်ဦးချင်းမှတ်တမ်း - လုပ်ဆောင်ချက် ၃ တွင် ထပ်ကြည့်ကြပါမည်။**
> ဝန်ထမ်းတစ်ဦး၏ လုပ်ငန်းဆောင်ရွက်မှုနှင့် တိုးတက်မှုတို့ကို မှတ်တမ်းတင်ထားသည့် လက်မှတ်များ၊ ပစ္စည်းပစ္စယများ၊ ပြန်ပြောင်းဆင်ခြင်သုံးသပ်မှုများဖြစ်သည်။ ဝန်ထမ်းများသည် တစ်ဦးချင်းမှတ်တမ်းများကို မိမိတို့၏ လုပ်ငန်းဆောင်ရွက်မှုအား ပြန်လည်သုံးသပ်ပြီး တိုးတက်စေရာတွင် သုံးနိုင်ပါသည်။ (နောက်ဆက်တွဲ ခ)

**လုပ်ဆောင်ချက် ၂**

- 'အလုပ်ရုံဆွေးနွေးပွဲအပြီး မေးခွန်းလွှာ'ဟု သင်ပုန်းပေါ်တွင် ရေးပါ။
- မေးခွန်းလွှာသည် ဆွေးနွေးပွဲအကြောင်းမည်သည့် သတင်းအချက်အလက်များပေးကြောင်း သင်တန်းသူ/ သားတို့ကိုမေးပါ။
- ဂတ်စကီး၏ အဆင့် ၅ ဆင့်ကိုကိုးကားလျက် မေးခွန်းလွှာမှ မည်သည့်အဆင့်အကြောင်း အချက်အလက်များ ပေးသည်ကို မေးမြန်းပါ။

အဖြေ - တက်ရောက်သူများ/ဆရာဆရာမတို့၏တုံ့ပြန်မှု

> **သင်တန်းဆရာမှတ်စု**
>
> အလုပ်ရုံဆွေးနွေးပွဲအပြီး မေးခွန်းလွှာများဖြည့်ခြင်းဖြင့် သင်တန်းအပေါ် ဆရာ/မတို့၏ တုံ့ပြန်မှုကို သိစေနိုင်ပါမည်။ ဆိုလိုသည်မှာ သင်တန်းကိုကြိုက်မကြိုက် သို့မဟုတ် အသုံးဝင်မဝင်ကို သိနိုင်သည်။ သို့ရာတွင် ဆရာ/မ၏ စွမ်းဆောင်ချက် အပြောင်းအလဲအပေါ် မည်သို့အကျိုးသက်ရောက်ကြောင်း၊ ဆရာ/မတို့ တတ်မြောက်ခဲ့သည့် ကျွမ်းကျင်မှုအသစ်က ဆရာအတတ်ပညာသင် ကျောင်းသူ/သားများအတွက် မည်မျှ အကျိုးဖြစ်ထွန်းနိုင်ကြောင်းကိုမူ သိစေနိုင်မည်မဟုတ်ပါ။

- သင်တန်းသူ/သားတို့ နှစ်ယောက်စီ လုပ်ဆောင်ချက် ၁ မှ နည်းများကို သင့်တော်သည့် အဆင့်နှင့် တွဲပေးကြပါစေ။ အချို့နည်းများကို အဆင့်နှစ်ဆင့်တွင် လုပ်ဆောင်နိုင်ပါမည်။
- အဖြေကိုမေးမြန်းဖော်ထုတ်ပါ။

| ဂဏ်စကီး၏ ၅-ဆင့် | နည်းလမ်းများ |
|---|---|
| ၁. ဆရာအတတ်သင် ဆရာ/မ၏ တုံ့ပြန်မှု | a |
| ၂. ဆရာ/မ၏ သင်ယူမှု/အသိပညာ | h, i |
| ၃. အဖွဲ့အစည်း၏ ပံ့ပိုးမှုနှင့် မူဝါဒ | j |
| ၄. ဆရာ/မက အသိပညာအသစ်နှင့် ကျွမ်းကျင်မှုအသစ်ကို အသုံးပြုပုံ | b, c, e, h, i, k |
| ၅. ဆရာအတတ်သင် ကျောင်းသူ/သားတို့၏ သင်ယူမှုရလဒ်များ | d, k, l, m |

## ၂.၃ M&E နည်းများကို မိမိ၏ ပညာရေးဒီဂရီကောလိပ်တွင် အသုံးပြုခြင်း

**လုပ်ဆောင်ချက် ၃**

- သင်တန်းသူ/သားများအား ၄ဖွဲ့ ဖွဲ့ပါ။
- တစ်ဖွဲ့လျှင် အောက်ပါလုပ်ဆောင်ချက်တစ်ခုစီပေးပါ။
    - သင်ခန်းစာကိုကြည့်ရှုလေ့လာခြင်း - သင်ကြားမှုအရည်အသွေးအထောက်အထား ကောက်ယူခြင်း
    - သင်ယူမှုအတွက်လမ်းလျှောက်ခြင်း - တစ်ကျောင်းလုံး အတန်းတွင်း/ပြင် ဆရာအတတ်သင် ကျောင်းသူ/သား တို့၏ အပြုအမူကိုလေ့လာရန်
    - စာအုပ်ကြည့်ခြင်း - ဆရာအတတ်သင် ကျောင်းသူ/သားတို့၏ သင်ယူတတ်မြောက်မှုကို ရှင်းရှင်းလင်းလင်း နားလည်စေရန် အထောက်အထားများ စုဆောင်းခြင်း
    - တစ်ဦးချင်းမှတ်တမ်း - လုပ်ငန်းအတတ်ပညာ အလေ့အကျင့်၊ တိုးတက်မှုတို့ကို မှတ်တမ်းတင်သည့် ပစ္စည်းပစ္စယနှင့် သုံးသပ်ချက်များ
- မည်သို့လုပ်ဆောင်ရန် စီစဉ်မည်ဖြစ်ကြောင်း အောက်ပါမေးခွန်းတိုများဖြင့် ထောက်ပြီးမေးမြန်းပါ။
  ဘယ်တော့လုပ်မှာလဲ။
  ဘယ်နှစ်ကြိမ်လုပ်မှာလဲ။
  ဘာကိုလုပ်မှာလဲ။ (တိတိကျကျဖြေပါ)
  တွေ့ရှိချက်ကိုဘယ်လိုမှတ်တမ်းတင်မလဲ။
- တစ်ဖွဲ့စီ မေးမြန်းဖော်ထုတ်ပါ။
- နှစ်ယောက်တွဲပြီးလုပ်ဆောင်ကြပါစေ။ ယူနစ် ၃ ရှိ နှစ်စဉ် CPD အစီအစဉ်ကိုကြည့်ကြရန်။

'သုံးသပ်အကဲဖြတ်ခြင်း'ကော်လံကိုကြည့်ပြီး နည်းများနှင့် ကိုက်ညီမည့်နေရာကို ဆုံးဖြတ်ပါ။

**အရန် မေးခွန်း**

ဆရာ/မတို့သည် မိမိတို့အတွက် အဓိပ္ပါယ်အရှိဆုံး သုံးသပ်အကဲဖြတ်မှုပုံစံကို မည်သည့်အတိုင်းအတာထိ ရွေးချယ်နိုင်သင့်ပါသနည်း။

## ၃. အစီအစဉ်ဆွဲမှုနှင့် လက်တွေ့အသုံးချမှု    ၆၀ မိနစ်

### ၃.၁ စောင့်ကြည့်လေ့လာမှုနှင့် သုံးသပ်အကဲဖြတ်မှု အတွက်ပြင်ဆင်ခြင်း

- သင်တန်းသူ/သားများကို အဖွဲ့ခွဲပါ။  ပညာရေးဒီဂရီကောလိပ်ကျောင်းအလိုက်၊ သို့မဟုတ် ဌာနအလိုက် ခွဲနိုင်ပါသည်။
- ယူနစ် ၃ တွင်လုပ်ခဲ့သည့် CPD အစီအစဉ်များကို ရည်ညွှန်းပါစေ။
- မိမိတို့ CPD အစီအစဉ်ကို မည်ကဲ့သို့ သုံးသပ်အကဲဖြတ်မည်ဖြစ်ကြောင်း တွေးတောရာတွင် အောက်ပါ မေးခွန်းတိုများ သုံးကြပါစေ။
    - o မိမိအစီအစဉ်ကိုမည်ကဲ့သို့ အကဲဖြတ်မည်နည်း။ မည်သည့်နည်းလမ်းများသုံးမည်နည်း။ တိတိ ကျကျပြောပါ။ အများကြီးလုပ်ရန် မကြိုးစားပါနှင့်။
    - o ဘယ်အချိန်မှာလုပ်ပါမည်နည်း။ အချိန်အကန့်အသတ်ကို ရှင်းရှင်းလင်းလင်းသိပါ။
    - o မည်သည့်ရလဒ်များ မျှော်လင့်ထားပါသနည်း - အထောက်အထားမှတ်တမ်း တိတိကျကျ သိမ်းထားပါ။
    - o ရလဒ်ကိုမည်ကဲ့သို့သုံးပါမည်နည်း။
- စောင့်ကြည့်လေ့လာပြီး လိုအပ်သလို ကူညီပေးပါ။
- စာဖတ်ပြီး အပြန်အလှန်အမေးအဖြေ(jigsaw)လုပ်ရန် တစ်ဖွဲ့စီမှ တစ်ယောက် သို့မဟုတ် နှစ်ယောက်ကျ ပါအောင် အဖွဲ့ပြန်ခွဲပါ။
- အဖွဲ့သစ်တွင် မိမိတို့၏အကဲဖြတ်အစီအစဉ်ကို အလှည့်ကျတင်ပြကြပါစေ။
- တစ်ကြိမ်တင်ပြပြီးတိုင်း အဖွဲ့မှ အစီအစဉ်ပေါ် တုံ့ပြန်ဖြေကြားရပါမည်။
- အားလုံးတင်ပြပြီးလျှင် မူရင်းအဖွဲ့ထံ ပြန်သွားစေပြီး တုံ့ပြန်မှုများကို ပြန်လည်ဝေမျှလျှက် အစီအစဉ်များ လိုအပ်သလို ပြောင်းကြပါစေ။

# ၄. ပြန်လည်သုံးသပ်ခြင်း

၆၀ မိနစ်

## ၄.၁ ရခဲ့သည့်သင်ခန်းစာများ

- CPD အတွက် နောက်ဆုံးအကြံပေးချက်များ/ အခြေခံမှုများကို ဝေမျှမည်ဖြစ်ကြောင်း သင်တန်းသူ/သား များအားပြောပြပါ။
- ၃-၄ ယောက်ပါသည့် အဖွဲ့များဖွဲ့ပေးပါ။
- တစ်ဖွဲ့လျှင် အခြေခံမှု ၃ ခုစီ ချပေးပါ။
- အခြေခံမှု ၃ ချက်မှ တစ်ချက်စီကို အဖွဲ့သားများကြည့်ကြပါစေ။
    - o မရင်းနှီးသည့် စကားလုံးများရှိလျှင် အဘိဓာန်သုံးပြီး စစ်ဆေးရန်တိုက်တွန်းပါ။
    - o ဤမေးခွန်းများကိုဆွေးနွေးကြရန် သင်၏ အခြေခံမှုများ အရေးကြီးပါသလား။ အဘယ်ကြောင့်နည်း။
    - o သင်တန်းသူ/သားများမှ အခြေခံမှု ၃ ချက်မှ တစ်ချက်ရွေးပြီး အခြားအဖွဲ့များကို မည်ကဲ့သို့ ရှင်းပြမည်ဖြစ်ကြောင်း စဉ်းစားပါ။
- တုံ့ပြန်ဖြေကြားစဉ် တစ်ဖွဲ့လျှင် တစ်ယောက်ကျ ၎င်းတို့၏ အခြေခံမှုကို ရှင်းပြခိုင်းပါ။
- အဆုံးသတ်ရာတွင် တစ်ယောက်ချင်းလုပ်ဆောင်ကြပါစေ။
- အခြေခံမှု ၈ ချက်ပါ စာရင်းကိုဖတ်ပြီး အရေးအကြီးဆုံးဟုထင်သည့် ၃ ချက်ကို အမှန်ခြစ် (√) ကြရန်။
- သင်တန်းဖော်တစ်ဦးနှင့်အဖြေတိုက်ကြပါစေ။

## ၄.၂ ပြန်လည်သုံးသပ်မှု မှတ်တမ်းကို အသုံးပြုခြင်း

- နောက်ဆက်တွဲ က မှ ပြန်လည်သုံးသပ်မှုမှတ်တမ်းကိုကြည့်ကြပါစေ။
- ယူနစ် ၄ တွင်လုပ်ထားသည့် အတွေ့အကြုံကိုသုံးလျက် ပြန်လည်သုံးသပ်မှုမှတ်တမ်း ပထမအတန်းကို ဖြည့်ကြရန်။ အတန်းဖော်ကို ပြန်မပြောမီ တစ်ယောက်ချင်းလုပ်လျှင် ပိုကောင်းပါမည်။ အကျိုးရှိမည်ဟု ထင်လျှင် နှစ်ယောက်တွဲ၊ အုပ်စုဖွဲ့လုပ်ဆောင်ကြပါစေ။
- လုပ်ဆောင်ချက်ပြီးလျှင် လုပ်ငန်းစဉ်ကို ပြန်လည်သုံးသပ်ကြပါစေ။
- လုပ်ဆောင်ချက်အသုံးဝင်ပါသလား။
- ဆရာ/မတို့အတွက် အကျိုးရှိပါမည်လား။
- မိမိအစီအစဉ်တွင် ပြန်လည်သုံးသပ်မှုမှတ်တမ်းကို ထည့်လိုပါသလား။ အဘယ်ကြောင့်နည်း။
- အဖြေကိုမေးမြန်းဖော်ထုတ်ပါ။

## ၄.၃ နောက်ဆုံးအကြံပြုချက်များ

- နောက်ဆုံးပေးထားသည့် အကြံများကို သင်တန်းသူ/သားများဖတ်ရှုကြပါစေ။
- ဤစာရင်းထဲ သို့မဟုတ် လုပ်ဆောင်ချက် ၄.၁ မှ အခြေခံမှု စာရင်းထဲ နောက်ထပ်ထည့်လိုသော အကြံများရှိမရှိမေးပါ။

## ကျမ်းကိုး

Beauchamp, A. *(September 2020) How retrieval practice can be embedded into classrooms using 10 principles of CPD Leadership from* Impact Journal of the Chartered College of Teaching *https://impact.chartered.college/article/how-retrieval-practice-embedded-classrooms-10-principles-cpd-leadership/*

British Council / Connecting Classrooms module on *Planning, monitoring, evaluation and reviewing and self- evaluation*

CPD Framework for Education Degree Colleges in Myanmar

Guskey, T. (2001) *Evaluating Professional Development*. London: Corwin Press

Kelly, S. (2006) *The CPD Co-ordinator's Toolkit.* Paul Chapman Publishing (Chapter 5)

Funded by:

Implemented by:

© Except for third party material, these resources are licensed under a Creative Commons attribution Non-commercial (CC-BY-NC) licence 4.0. This authorises anyone to use these materials as long as they are not used for a commercial purpose and that the following attribution is applied 'These materials were produced as part of the TREE project led by the British Council and funded by FCDO / UKAid. The original materials can be found at *https://www.britishcouncil.org.mm/tree*'